
www.dhammadownload.com




ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော် ဘုရားကြီး
အမရပူရမြို့၌ဟောကြားတော်မူသော တရားတော်

# ဘယ်မှာမှ တရားရှာမနေနဲ့ ဒီသုံးဉာဏ်နဲ့ပြီးပါတယ်

(၁၃၊၂၊၅၅)

၉၂

www.dhammadownload.com

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့
တွင် ရနိုင်ပါသည်။
ဖုန်း - ၅၄၁၈၆၀ ၊ ၇၂၅၁၃၂

www.dhammadownload.com

ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

အမရပူရမြို့တွင်ဟောကြားတော်မူသောတရားတော်

# ဘယ်မှာမှ တရားရှာမနေနဲ့

# ဒီသုံးဉာဏ်နဲ့ပြီးပါတယ်

(၁၃-၂-၅၅)

www.dhammadownload.com

စာမူခွင့်ပြုချက် အမှတ် - (၂၂၉/၂၀၀၀) (၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၂၃၇/၂၀၀၀ (၅)
အကြိမ် - ပထမအကြိမ်
အုပ်ရေ - ၃၀၀၀
ခုနှစ် - ၂၀၀၀ ခု (မေလ)
တန်ဖိုး - (    )

ထုတ်ဝေသူ ဦးအောင်ချို (မြ-၀၈၃၁)
မိုးကုတ်ဝိပဿနာတရားစဉ်နှင့်
လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ် ၈၂၊ နတ်မောက်လမ်း၊ ရန်ကုန်မြို့။
ဖုန်း - ၅၄၁၈၆၀

ပုံနှိပ်သူ ဦးဝင်းအောင် (မြ ၀၅၁၃၁)
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် ၈၄/၈၆၊ လမ်း(၅၀)၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၂၉၈၆၇၄

www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ဘယ်မှာမှထားရာမရှိနေနဲ့ ဒီသုံးဉာဏ်နဲ့ပြီးပါတယ်

(၁၃-၂-၅၅)

မြတ်စွာဘုရားသခင်က အနတ္တလက္ခဏာသုတ်မှာလည်း ဟောတယ်၊ ဘယ်နေရာမှာမဆိုဟောတယ်၊ တစ်နံပါတ် ယထာဘူတဉာဏ်၊ နှစ်နံပါတ် နိဗ္ဗိန္ဒဉာဏ်၊ သုံးနံပါတ်၊ မဂ်ဉာဏ် ဒါပဲရှိတယ်ကွတဲ့။

မဂ်ဉာဏ်ရလိုတဲ့ပုဂ္ဂိုလ်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် နိဗ္ဗာန်ရလိုတဲ့ ပုဂ္ဂိုလ်သည်ကားလို့ဆိုရင် သုံးဉာဏ်နဲ့တက်၊ ရပါတယ်ကွတဲ့၊ တစ်နံပါတ်က၊ ယထာဘူတဉာဏ်၊ နှစ်နံပါတ် က နိဗ္ဗိန္ဒဉာဏ်၊ သုံးနံပါတ်က မဂ်ဉာဏ်၊ ဒါဘဲရှိပါတယ်. . . (မှန်ပါ)။

www.dhammadownload.com



ကောင်းပြီ ဒါဖြင့်-ဘယ်ပါဠိတော်မှာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး သူကိုယ်တိုင်ဟောလို့ မည်သူသည် ကိစ္စ ပြီးသွားတယ်ဆိုတာကို ခင်ဗျားတို့ လုံလောက်ပါလိမ့်မယ်။

မထိုင်ဘဲနဲ့ရတဲ့အထဲမှာ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယဒဋ္ဌဗ္ဗံ မပါဘူးလား. . . (ပါပါတယ်)။ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယဒဋ္ဌဗ္ဗံ. . . ယထာဘူတံ ပါနေတယ်, သမ္မပ္ပညာယ၊ ဝိပဿနာမဂ်ပညာဖြင့် ဝိပဿနာပညာဖြင့် ဒဋ္ဌဗ္ဗံ-ရှုပါ ဆိုတော့ကို ဒကာ ဒကာမတွေသန္တာန်၌ ဘယ်စိတ်ပေါ်ပေါ်, ပေါ်ချင်တဲ့စိတ်ပေါ် ရှေ့စိတ်ကို၊ နောက်ဉာဏ်ကသာရှု-ရှုပေး၊ ဘယ်စိတ်ပေါ်ပေါ်, ပေါ်ချင်တဲ့စိတ်ပေါ် ဦးစံရီ ရှေ့စိတ်ပေါ်တာကို နောက်ဉာဏ်ကသာ ရှုပေး. . . (မှန်ပါ)။ ပေါ်ချင်တာပေါ်, ကောင်းတာပေါ်ပေါ်, မကောင်းတာပေါ်ပေါ်, ပေါ်ချင်တာပေါ် နောက်ဉာဏ်က ရှုပေး။

ထိုကဲ့သို့ နောက်ဉာဏ်ကရှုပေးလို့ရှိရင် ဒကာ ဒကာမတွေ၌ အပျက်သာတွေ့ရမယ်၊ ဘာဖြစ်လို့လဲ မေးလို့ရှိရင်ဖြင့် ရှေ့စိတ်ဖျောက်ပြီးမှ နောက်ဉာဏ်ပေါ်နိုင်သောကြောင့်လို့အကြောင်းပြပါ. . . (မှန်ပါ) အပျက်သာ တွေ့ရမယ်. . . (မှန်ပါ)။

www.dhammadownload.com



## ယထာဘူတဉာဏ်ဆိုတာ

ဒါကြောင့်ဘယ်စိတ်ပေါ်ပေါ် ဒကာ ဒကာမတို့ ရှေ့ပေါ်တဲ့စိတ် ချုပ်ပျောက်သွားတာကို နောက်ဉာဏ်နဲ့သာ တည့်တည့်ပေး. . . (မှန်ပါ့) အဲဒါ ယထာဘူတဉာဏ်ပဲ ရှေ့ချုပ်သွားတဲ့စိတ်ကို ဦးဝင်း နောက်ဉာဏ်ကသာလိုက်ပေး . . . (မှန်ပါ့) ဒါယထာဘူတဉာဏ် . . . (မှန်ပါ့)။

ယထာက - ဟုတ်တိုင်းမှန်စွာ ဘူတက ရှိတာ ဟုတ်တိုင်းမှန်စွာရှိတာကို ရှုပေး၊ ဟုတ်တိုင်းမှန်စွာရှိတာက ရှေ့မွေ့က ချုပ်သွားတာပဲ၊ နောက်မွေ့က ချုပ်သွားတယ်လို့ သိတာ၊ ဒါဖြင့် ရှေ့မွေ့ကချုပ်သွားတယ်၊ နောက်မွေ့ကချုပ် သွားတယ်လို့သိတာ သိတော့ကို ခန္ဓာကိုယ်ထဲမှာ ရှိတာက ဘာတွေရှိသတုံးဆိုတော့ ချုပ်ပျောက်တာတွေချည်းရှိနေ မယ်၊ ရုပ်ဘက်ကြည့်လိုက်လည်း ချုပ်ပျောက်တာပဲရှိမှာပဲ၊ နာမ်ဘက်ကြည့်လိုက်ရင်လည်း . . . (ချုပ်ပျောက်တာပဲ ရှိပါ တယ်ဘုရား)။

အဲဒါချုပ်ပျောက်တာကို နောက်ကကြည့်ပေးရုံပဲရှိ တယ် . . . (မှန်ပါ့)။ ချုပ်ပျောက်တာ နောက်က ကြည့်ပေး နိုင်လို့ရှိရင်ဖြင့် ယထာဘူတ, ယထာက, ဟုတ်တိုင်း၊ ဘူတက ရှိတာ, ဟုတ်တိုင်းမှန်စွာရှိတာ, ကြည့်ပြီးနေတော့ ခန္ဓာထဲ ဟုတ်တိုင်းမှန်စွာရှိတာကို အမှန်ပြောစမ်းပါဦးတော့ဆိုတော့

www.dhammadownload.com



အပျက်သာရှိတယ်လို့ပြော (မှန်ပါ)၊ မပျက်တာ တစ်ခုမှ မရှိဘူး၊ ရိပ်မိကြပြီလား . . . (ရိပ်မိပါဘုရား)။

ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ်သည် ဘာကိုမြင်လေ့ရှိသတုံးလို့မေးရင် . . . (အပျက်မြင်ပါတယ်ဘုရား)၊ ဦးသာဒင် . . . (အပျက်သာမြင်ပါတယ်)၊ ဒါပဲရှိတယ်။

သဗ္ဗေသင်္ခါရာ အနိစ္စကိုးဗျ, တစ်ကိုယ်လုံးအနိစ္စတဲ့ အဲ့ဒီအပျက်ကိုသာ တွေ့မယ်ဆိုလို့ရှိရင် ဟုတ်တိုင်းမှန်စွာ သိတဲ့ဉာဏ်ပဲ, ရှုတဲ့ဉာဏ်, ဦးဝင်း သဘောကျလား . . . (ကျပါဘုရား)။

ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ ဘယ်သုတ်မဆိုလာတယ်, အဲ့ဒီတော့ တရားအားထုတ်တဲ့ပုဂ္ဂိုလ်တွေမှာ ဘုန်းကြီးပြောပြီးတော့ သူ့နေရာနဲ့သူ ပေါ်တာသိပြီးလို့ရှိရင် အဲ့ဒီနေရာ ပေါ်တဲ့တရားကိုသာ နောက်က ဉာဏ်က ကြည့်ကြည့်ပေး, ကြည့်ကြည့်ပေးရင် အပျက်မှတစ်ပါး ဘာမှမတွေ့ဘူး (မှန်ပါ)၊ တခြားဘာတွေ့စရာရှိသေးလဲ. . . (ဘာမှမရှိပါဘုရား)။

တခြားဘာမှတွေ့စရာအကြောင်းမရှိသောကြောင့် အားလုံး ဒကာ ဒကာမတွေ နောက်ဉာဏ်ကကြည့်တဲ့အချိန်မှာ ရှေ့စိတ်ကချုပ်ပြီးသွားချည်းဖြစ်နေတယ်, အဲ့ဒီတော့ ချုပ်ပြီးသွားဖြစ်နေတာကို ချုပ်သွားပြီ ချုပ်သွားပြီလို့ နောက်က

www.dhammadownload.com



အမှန်မြင်လို့ရှိရင် ဒါ ယထာဘူတဉာဏ်ပဲ, နောက်ဉာဏ် ဘာဉာဏ်ခေါ်ကြမလဲ. . . (ယထာဘူတဉာဏ်ပါဘုရား)။

ယထာက ဟုတ်တိုင်း၊ ဘူတက ရှိတာ, ဟုတ်တိုင်းမှန် စွာရှိတာ သူမြင်တယ်၊ ဟုတ်တိုင်းမှန်စွာ ဘယ်လိုရှိတာတုံး၊ ပျက်တာရှိတယ်, ဟုတ်တိုင်းမှန်စွာရှိတယ်ဆိုတာ ဘာရှိတာ တုံး . . . (ပျက်တာရှိတာပါဘုရား)။ ပျက်တာရှိတာကိုဆို သောကြောင့် ဒီဉာဏ် ဘာဉာဏ်ခေါ်ကြမတုံး. . . (ယထာ ဘူတဉာဏ်ပါဘုရား)။

အဲ့ဒီပျက်တာရှိတာကို သိတဲ့ဉာဏ်ဟာ ယထာဘူတ ဉာဏ်ဖြစ်လေသောကြောင့် ဒီဉာဏ်ဟာ နောက်လာမည့် ရှေ့ပျက်သွားတာ ပျက်သွားတာကို နောက်ဉာဏ်ကကြည့် လိုက်တယ်, ကြည့်လိုက်တဲ့အခါ ပျက်သွားပြီလို့သိတယ်၊ ဦးဝင်းတင် နောက်ဉာဏ်ကသိတယ် . . . (မှန်ပါ)။

## အနိစ္စ၊ ဒုက္ခ၊ အနတ္တအားလုံးပါတယ်

ဘယ်သူလာလာ ရှေ့မှာလာတာအပျက်ချည်းလာ တယ်, အဲ့ဒီလိုပဲ သိတဲ့အခါကျတော့ ပျက်တာဟာ ဘာဖြစ် လို့လဲ, မခိုင်လို့ပျက်တယ်ဆိုရင် အနိစ္စထဲပါသွားပြီ, ဇာတိ, ဇရာ, မရဏဖျက်လို့ပျက်တယ်ဆိုရင်လည်း ဒုက္ခထဲပါသွား မယ်၊ ဘယ်သူမှ တားလို့ဆီးလို့ မရလို့ ပျက်သွားတယ်ဆိုရင်

www.dhammadownload.com



လည်း . . . (အနတ္တ)၊ အနတ္တမှာပါတယ်, ဒီအပျက်မြင်ရင် သုံးခုပါသွားပြီ, အနိစ္စ-ဒုက္ခ-အနတ္တပါသွားပြီ။

အဲ့ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ အပျက်မြင်ရင် သုံးခုပါတယ်၊ ဒါဖြင့် ဒီဉာဏ်သည် အပျက်ရှိတာ အပျက်မြင်သောကြောင့် ဘာဉာဏ်ခေါ်ကြမတုံး. . . (ယထာဘူတဉာဏ်ပါဘုရား)။ ယထာက ဟုတ်တိုင်းမှန်စွာ ဘူတက ဖြစ်တာ, ရှိတာ၊ ဟုတ်တိုင်းမှန်စွာ သူ့ဟာ သူ့သဘောနဲ့ သူပျက်နေတာလေးကို ဟုတ်တိုင်းမှန်စွာသိတာ (မှန်ပါ)၊ နောက်ဉာဏ်က . . . (မှန်ပါ)။

ဒါဖြင့် ဦးသာဒင် နောက်ဉာဏ်သည် ဘာဉာဏ်ခေါ်မတုံး . . . (ယထာဘူတဉာဏ်ပါဘုရား)။ မြန်မာလိုဆိုတော့ ဟုတ်တိုင်းမှန်စွာသိတဲ့ဉာဏ်. . . (မှန်ပါ)၊ ရိပ်မိပြီလား . . (ရိပ်မိပါဘုရား)။ အဲ့ဒီတော့ အဲ့ဒီ ဟုတ်တိုင်းမှန်စွာ သိတဲ့ ဉာဏ်ကိုရတဲ့ ဒကာ ဒကာမတွေ တံတားတစ်ခု တံတားဦး တက်မိတာနဲ့ အတူတူပဲ, တံတားအဆုံးရောက်တော့မယ် . . . (မှန်ပါ)။ တံတားဦးတက်မိရင် တံတားအဆုံးရောက်မယ်။ တံတားဦးမှ မတက်မိတဲ့ပုဂ္ဂိုလ်ဟာ ကျပ်တံတား အဆုံးရောက်ပါတယ်ဆိုရင် ဦးသိန်းဖေ ယုံတမ်းပြောတာ. . . (မှန်ပါ) တံတားဦးမှ မတက်မိလို့ရှိရင် တံတားအဆုံး ကျပ်

www.dhammadownload.com



ရောက်တယ်လို့ဆိုရင် ဒါယုံနိုင်စရာရှိပါ့မလား. . . (မရှိပါဘုရား)။

ဒီမှာလဲ ယထာဘူတဉာဏ် မပါဘဲနဲ့ ကျုပ်သည် နိဗ္ဗာန်ရောက်ခဲ့တယ်ဆိုလို့ရှိရင် အလကားပြောတာ, ရိပ်မိကြလား. . . (ရိပ်မိပါဘုရား)။ ကောင်းပြီ ဒါဖြင့် ရှေ့ဓမ္မသည် ရုပ်ပေါ်ပေါ် နာမ်ပေါ်ပေါ် ဒကာ ဒကာမတွေ ကြိုက်ရာရှု ရုပ်လည်းမတွေ့စေနဲ့ နာမ်လည်းမတွေ့စေနဲ့ အပျက်သာတွေ့ပါစေ (မှန်ပါ)၊ သဘောကျလား. . . (ကျပါတယ်ဘုရား)။

ဒါဖြင့် ဘာ အပျက်သာတွေ့လို့ရှိရင်ဖြင့် အပျက်မြင်တဲ့ဉာဏ် ဘာဉာဏ်ခေါ်ကြမလဲ . . . (ယထာဘူတဉာဏ်ပါဘုရား)။ အဲ့ဒါ ပါဠိတော်မှာ ဒီအတိုင်းရှိတယ် ဝေမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ၊ ဦးဝင်း ရတယ် မဟုတ်လား၊ ကဲ - ဆက်ရွတ်စမ်း ဦးဝင်းက ဝေံပဿံ ဘိက္ခဝေ, မလာဘူးလား. . . (လာပါတယ်ဘုရား) ဦးကံရင်လည်းရတယ်နော်. . . (ရပါတယ်ဘုရား)။

## နိဗ္ဗိန္ဒဉာဏ်ဆိုတာ

"ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော" (မှန်ပါ) အကြားအမြင်နဲ့ပြည့်စုံတဲ့ အရိယာ၏တပည့်သည်၊

www.dhammadownload.com



ဝိညာဏသင်္ခါရမ္ဘိနိဗ္ဗိန္ဒတိ, ရူပသင်္ခါရမ္ဘိ နိဗ္ဗိန္ဒတိ, သူလာချင်တာလာ မယ်, ရုပ်ရှုရင် ရုပ်ကိုငြီးငွေ့လာမှာဘဲ, နာမ်ရှုရင် . . . (နာမ် ငြီးငွေ့လာမှာပါဘုရား)။ ဒါဖြင့် ယထာဘူတဉာဏ်ရပြီးတဲ့ ပုဂ္ဂိုလ်ဟာတဲ့ ဆက်ရှု. . . (မှန်ပါ)၊ ဆက်ရှု ဒီအပျက်ပဲ ဆက်ရှု . . . (မှန်ပါ)၊ ဆက်ရှုလို့ရှိရင် ဒကာ ဒကာမတွေ မှတ်ထားကြပါ၊ ဒီအပျက်ကိုငြီးငွေ့လာပါမယ်, မငြီးငွေ့ပါနဲ့ ဆိုလို့ရပါ့မလား. . . (မရပါဘုရား)။

ဩော် ဒါဖြင့် ငြီးငွေ့တဲ့ဉာဏ်သည် ဦးသိန်းဖေတို့ ဦးစံရီတို့ နှစ်နံပါတ်ဉာဏ်လာတယ် . . . (မှန်ပါ)။ ယထာ ဘူတဉာဏ်ပြီးမှ သူလာတယ်. . . (မှန်ပါ)၊ ရိပ်မိပြီလား . . . (ရိပ်မိပါဘုရား)။ ယထာဘူတဉာဏ်ပြီးမှ ဦးဝင်း ငြီးငွေ့ တဲ့ဉာဏ်လာတယ် (မှန်ပါ)။ ဒီဉာဏ်ဟာ ငြီးငွေ့တဲ့ဉာဏ် (မှန်ပါ)။

အရင်တုန်းကတော့ သင်္ခါရင်းဖွင့်ရင် ယထာဘူတ ဉာဏ် (မှန်ပါ)။ အခုတော့ရှုပါများပြီးသကာလ လာတဲ့အခါ ကျတော့ ယထာဘူတဉာဏ်နဲ့ ပျက်တိုင်း ပျက်တိုင်း, ပျက် တိုင်း, မြင်မြင်လာတဲ့ ဒကာ ဒကာမတွေကျတော့ ဒီအပျက် ကြီး မြင်ရတာဟာ ရှေ့မှောက်ပျက်သွားလိုက်, ရှေ့မှောက်မှာ ကြည့်လိုက် ပျက်သွားလိုက်, ကြည့်လိုက်ပျက်သွားလိုက်, ကြည့်လိုက်ပျက်သွားလိုက်, အပျက်ချည့်ကြည့်နေရတဲ့ ပုဂ္ဂိုလ်

www.dhammadownload.com



တစ်ဦးတစ်ယောက်ဟာ ဦးသာဒင် ငြီးငွေ့လာမှာပါပဲဗျာ. . . (မှန်ပါ)။ မငြီးငွေ့ပါနဲ့ဆိုလို့ရပါ့မလား. . . (မရပါဘုရား)။

ဒါဖြင့် ဘုရားက သူ့နှစ်နံပါတ်ဉာဏ်ပေါ်တယ်. . . (မှန်ပါ)၊ ရိပ်မိပြီလား . . . (ရိပ်မိပါဘုရား)။ ကဲ-ဦးဝင်း ပါဠိတော်နဲ့ကိုက်လား. . . (ကိုက်ပါတယ်ဘုရား)၊ မကိုက်ဘူးလား. . . (ကိုက်ပါတယ်ဘုရား)။

ဇဝံပဿံဘိက္ခဝေ၊ ဇဝံ ဤသို့။ ပဿံ၊ ယထာဘူတဉာဏ်နဲ့ အပျက်ကိုမြင်တဲ့ပုဂ္ဂိုလ်သည်၊ ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ၊ ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ - ဝေဒနာယပိ နိဗ္ဗိန္ဒတိ-ဆို နိဗ္ဗိန္ဒဉာဏ်ချည်းလာမှာပဲ, ခင်ဗျားတို့ ပါဠိတော်နဲ့ကိုက်ရဲ့လား. . . (ကိုက်ပါတယ်ဘုရား)၊ ဦးစံရီတို့ရတာနဲ့ ကိုက်ပြီလား. . . (ကိုက်ပါတယ်ဘုရား)။ ယထာဘူတဉာဏ်ရပြီးရင် ဘယ်ဉာဏ်လာရမလဲ. . . (နိဗ္ဗိန္ဒဉာဏ်လာရပါမယ်)။

## ဒိဋ္ဌာ နိဗ္ဗာန်ရတဲ့အစီအစဉ်

ဩော် - နိဗ္ဗိန္ဒဉာဏ်လာတယ် မှတ်ထားကြစမ်းပါ၊ ရထားတဲ့ပါဠိထဲမှာ ဉာဏ်စဉ်မတက်တတ်မှာစိုးလို့ ဦးဝင်း (မှန်ပါ)။ ရှင်းပြနေတာ. . . (မှန်ပါ)။ ဒကာကြွယ်တို့ အသေအချာမှတ်နော်. . . (မှန်ပါ)။ အလကားလျှောက်ရွတ်နေတာမဟုတ်ဘူး၊ ဒိဋ္ဌာဉာဏ်စဉ်ဒီအတိုင်းတက်လို့ပြောတာ

www.dhammadownload.com



(မှန်ပါ)။ ခင်ဗျားတို့က ကာကွယ်ရေးလုပ်နေလို့ခက်နေတာ, ကာကွယ်ရေးမလုပ်ပါနဲ့တဲ့ ဒီဥစ္စာ ခင်ဗျားတို့ နိဗ္ဗာန်ရတဲ့ အစီအစဉ်ပါ. . . (မှန်ပါ)၊ ရိပ်မိပြီလား. . . (ရိပ်မိပါပြီ ဘုရား)။

ကောင်းပြီ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ဒဋ္ဌဗ္ဗံ ဆိုတာက အပျက်မြင်တဲ့ဉာဏ်။ ဧဝံ ပဿံ ဘိက္ခဝေ၊ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံပဿံ၊ ဤသို့မြင်ခဲ့သည်ရှိသော်။ ဝိညာဏသ္မိမ္ပိ၊ စိတ်အပေါ်၌လည်း, ပျက်သွားတဲ့အပေါ်၌ လည်း၊ ပျက်သွားတဲ့ စိတ်အပေါ်၌လည်း။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့ လာတာပဲ. . . (မှန်ပါ)။ ရုပ်ရှုရင် ရုပ်ငြီးငွေ့လာတာပဲ. . . (မှန်ပါ)။ နာမ်ရှုရင်. . . (နာမ်ငြီးငွေ့လာပါတယ်ဘုရား)။ ငြီးငွေ့လာတာပဲ, မငြီးငွေ့ပါနဲ့ဆိုလို့မရဘူးတဲ့ ဦးဝင်း. . . (မှန်ပါ)။ ပါဠိတော်မှာ မရှိဘူးတဲ့. . . (မရှိပါဘုရား)။ ဒကာကြွယ် ဒီပါဠိတော်တွေ ခင်ဗျားတို့ နောက်ဘယ်အချိန် ပဲကြည့်ကြည့်တွေ့မယ်. . . (မှန်ပါ)။

ကဲ-ဒါဖြင့် ဒုတိယဉာဏ်က ငြီးငွေ့လာတာ. . . (မှန်ပါ)၊ ငြီးငွေ့လာပြီဆိုတော့ ဘာငြီးငွေ့လာတာတုံး, ဒို့-တပည့်တော်တို့ ဒီဆုံးသွားတာကုန်သွားတာတွေချည်း မြင်နေရတာကိုးဘုရား, ပေါ်လာလိုက် ဆုံးသွားတာမြင်လိုက်, ကုန်ပျောက်သွားတာမြင်လိုက်, ကုန်ပျောက်သွားတာမြင်လိုက်

www.dhammadownload.com



ဆိုတော့ ဦးသာဒင် ဘာဖြစ်နိုင်လဲ. . . (ငြီးငွေ့လာပါတယ် ဘုရား)။ ငြီးငွေ့လာတယ်. . . (မှန်ပါ)။ သဘောကျလား (ကျပါတယ်ဘုရား)။

ဒါဖြင့် ငြီးငွေ့တဲ့ဉာဏ်သည် နှစ်နံပါတ်ဉာဏ်လို့ ခုနကပြောခဲ့တယ် (မှန်ပါ)။ ဦးဝင်း ကျေနပ်ပြီလား. . . (မှန်ပါ)၊ ဒါဖြင့် ဝေဒနာရှုလဲ ဝေဒနာ ငြီးငွေ့မှာပဲ, သို့သော် ဝေဒနာငြီးငွေ့တာလား, ခန္ဓာငါးပါးကို ငြီးငွေ့လာတာလားလို့ မေးတော့ အစစ်ကိုပြောပါဆိုရင်ဖြင့် ပျောက်တာမြင်နေလို့ ငြီးငွေ့တာပဲ, ပျောက်တာချည်းကို ခဏခဏတွေ့နေရတော့ ငြီးငွေ့တာပဲ . . . (မှန်ပါ)။

## လက်ကိုင်ပုဝါဥပမာ

လက်ကိုင်ပုဝါလေးတစ်ထည် အသစ်ဝယ်လိုက် ကျနေခဲ့ပြန်ပြီ, နောက်တစ်ခါ အသစ်ဝယ်ခဲ့ ကျနေရစ်ခဲ့ပြန်ပြီ, နောက်တစ်ခါအသစ်ဝယ်ခဲ့ ကျနေရစ်ပြန်ပြီဆိုတော့ လက်ကိုင်ပုဝါအပေါ်မှာ ငြီးငွေ့လာတယ်. . . (မှန်ပါ)။ တော်ပြီ ကျုပ်မကိုင်တော့ဘူး တွေ့ရာနဲ့သုတ်တော့မယ်၊ မလာပေဘူးလား လာမလား (လာပါတယ်ဘုရား)။ ဟင်- (လာပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး ဘယ်သူ့အပေါ်မှာ ငြီးငွေ့တာတုံးဆို,

www.dhammadownload.com



ပျောက်တဲ့အပေါ်မှာငြီးငွေ့တာ. . (မှန်ပါ)။ ရိပ်မိပြီလား. . . (ရိပ်မိပါဘုရား)။ လက်ကိုင်ပုဝါဆိုတာကတော့ နံမည်တပ်တာ စင်စစ်တော့ ဘယ်သူ့အပေါ်မှာ ငြီးငွေ့တာလည်း ပျောက်တတ်လွန်းလို့ပျောက်တာကို (မှန်ပါ)။

## ပျောက်တတ်လွန်းလို့ငြီးငွေ့တာ

ဘာဖြစ်လို့ငြီးငွေ့တာလဲ. . . (ပျောက်တတ်လွန်းလို့ ငြီးငွေ့တာပါ) ပျောက်တတ်လွန်းလို့ ငြီးငွေ့တာဆို ပျောက်တာငြီးငွေ့တာ. . . (မှန်ပါ)။ လက်ကိုင်ပုဝါငြီးငွေ့တာလား, ပျောက်တာငြီးငွေ့တာလား. . . (ပျောက်တာငြီးငွေ့တာပါဘုရား)။ လက်ကိုင်ပုဝါဖြင့် သူ့ဆုတ်ထားမှာပေါ့လို့. . . (မှန်ပါ) မဟုတ်ဘူးလား. . . (မှန်ပါ)။ ဘာငြီးငွေ့တာတဲ့တုံး (ပျောက်တာငြီးငွေ့တာပါဘုရား)။ မလိုချင်တော့ဘူးလို့ ပြောတာသည် ဘာတုံးလို့မပြောဘူး, မလိုချင်တော့ဘူးလို့ ပြောတာလဲ. . . (ပျောက်တတ်လွန်းလို့ပါဘုရား)။ ပျောက်လွန်းလို့ . . . (မှန်ပါ)။

ဒါဖြင့် ပျောက်တာမြင်တဲ့ပုဂ္ဂိုလ်ဟာ ဘယ်နည်းနဲ့မှ မဝယ်ချင်ဘူး. . . (မှန်ပါ)။ ဝယ်လဲပျောက်ဦးမှာဆိုတော့ (ပျောက်ဦးမှာပါ)။ ဒါဖြင့် ဘယ်ခန္ဓာမှ သူမတောင်းတော့ဘူး. . . (မှန်ပါ)။ ပျောက်တတ်လွန်းလို့. . . (မှန်ပါ)။

www.dhammadownload.com



ရိပ်မိပြီလား . . . (ရိပ်မိပါဘုရား)။ ဒကာကြွယ် ဝယ်ဦးမှာ လား . . . (မဝယ်ပါဘူးဘုရား)။ ပျောက်တတ်လွန်းလို့ဗျ (မှန်ပါ)။ ရိပ်မိပြီလား . . . (ရိပ်မိပါဘုရား)။ ခင်ဗျားတို့ ဝယ်ချင်ဦးမလား၊ ယောကျ်ားတွေလည်း ဝယ်ချင်သလား၊ မိန်းမတွေလည်း ဝယ်ချင်သလား. . . (မဝယ်ချင်ပါဘူး ဘုရား)။ ဘာဖြစ်လို့တုံး . . . (ပျောက်တတ်လွန်းလို့ပါ ဘုရား)။ ပျောက်တတ်လွန်းတာ နည်းတဲ့သတ္တိလားဗျ. . . (မှန်ပါ)။ ဟင်. . . (မှန်ပါ)။ ဝယ်ချင်စရာရှိသေးရဲ့လား ဦးစံရီရ. . . (မရှိပါဘုရား)။ ဘာဖြစ်လို့တုံးဗျ . . (ပျောက် တတ် လွန်းလို့ပါဘုရား)။

ကောင်းပြီ ဒါဖြင့် ပျောက်တာဟာ မြင်ပါများရင် ငြီးငွေ့လာမှာသေချာတယ် . . . (မှန်လှပါဘုရား)။ ပျောက် တာ ပျက်တာသာမြင်ပါစေ. . . (မှန်ပါ)။ ပျောက်သွားပြီ၊ ပျက်သွားပြီလို့သာ ဒကာကြွယ်သိပါစေ. . . (မှန်ပါ)။ ဘာဖြစ်မယ်ထင်တုံး (ငြီးငွေ့လာမှာပါဘုရား)။ ရိပ်မိပြီလား (ရိပ်မိပါဘုရား)။

## ဓိဉာဏ်နှစ်ဉာဏ်ဘာထူးသလဲ

ဒါဖြင့် ခုနကဉာဏ်၊ ယထာဘူတဉာဏ်နဲ့ အခုနိဗ္ဗိန္ဒ ဉာဏ်နဲ့ ဘာထူးသလဲ . . . (မှန်ပါ)။ ဦးသာဒင်က မေးမေး

www.dhammadownload.com



ဘုန်းကြီးတို့ ဒကာ ဒကာမတွေကမေးမေး ဟ-ထူးတယ်, ဟိုဘက်က ပျောက်ပြနေပြီး, သူကပျောက်တာနဲ့တူတယ်. . (မှန်ပါ)။ ပျောက်ပြဆိုလည်း တစ်ခါပျောက်ဆိုရင်လည်း, အမယ်မယ် ဝယ်ဦးမယ်, လာသေးတာပဲ. . . (မှန်ပါ)။ ကံမကောင်း အကြောင်းမသင့်လို့ပျောက်တာ, နောက်တစ်ခါ ဝယ်ဦးမယ်, တစ်ပျောက်ထဲပျောက်နေတာ, ဘယ်တော့မှ မဝယ်ဘူးကွာ, တဏှာသေတာချင်း သိပ်ကွာတယ်. . . (မှန်ပါ)။ မကွာဘူးလား . . . (ကွာပါတယ်ဘုရား)။ တဏှာသေတာချင်း သိပ်ကွာနေတယ်. . . (ကွာပါတယ်)။

ဒါဖြင့် ယထာဘူတဉာဏ်နဲ့ နိဗ္ဗိန္ဒဉာဏ်သည် ကိလေသာကို သေတဲ့နေရာမှာ ဦးစံရှီ ဘယ်သူက ပိုသေလည်း (နိဗ္ဗိန္ဒဉာဏ်ကပိုသေပါတယ်ဘုရား) ရှင်းပြီလား. . . (မှန်လှပါဘုရား)။ ယထာဘူတဉာဏ်က ပျောက်တာသာမြန်တယ် (မှန်ပါ)။ ပျောက်တာကို မုန်းမလာဘူး. . . (မှန်ပါ)။ နောက်တစ်ခါ အကြောင်းညီညွတ်ရင် ဝယ်ဦးမယ်ကွာ. . . (မှန်ပါ) ပါသေးတယ်. . . (မှန်ပါ)။ တဏှာမသေဘူးတဲ့, အကုန်သေရဲ့လား. . . (မသေပါဘူးဘုရား)။ ပျောက်ကာများလာတဲ့အခါကျတော့ ဘယ်ပစ္စည်းနဲ့ ကျုပ်နဲ့မတော်တော့ဘူး (မှန်ပါ)။ ဘယ်ပစ္စည်းနဲ့ ကျုပ်နဲ့မတော်တော့ဘူးဆိုတာ လာမလား, မလာဘူးလား . . . (လာပါတယ်ဘုရား)။

www.dhammadownload.com



ဒါဖြင့် ဘယ်ခန္ဓာမှ ကျုပ်မလိုချင်ဘူးပြောတာ. . . (မှန်ပါ)။ ရိုပ်မိပြီလား . . . (ရိပ်မိပါဘုရား)။ လာရင် ပျောက် ဦးမှာပဲ. . . (ပျောက်ဦးမှာပါ)၊ ပျောက်ဦးမှာပဲ, ပျောက်ဦး မှာပဲ, မလာကြပေဘူးလား. . . (လာပါတယ်ဘုရား)။ ရိပ်မိ ပြီလား . . . (ရိပ်မိပါဘုရား)။ ဒါဖြင့် ဒီဉာဏ်ဟာ အတော် အရေးကြီးတယ်. . . (မှန်ပါ)။ ဒီဉာဏ် အတော်အရေးကြီး တယ်. . . (မှန်ပါ)၊ မကြီးဘူးလား . . . (ကြီးပါတယ်ဘုရား)

ဒါဖြင့် ခင်ဗျားတို့ ဆက်ရှုနေ, ဆက်ရှုနေလို့ရှိရင်ဖြင့် ဘာလေးပေါ်လာလာ, ဦးစံရီ, ပျောက်စေချင်တယ် (မှန်ပါ)။ ဟုတ်ဘူးလား. . . (မှန်ပါ)။ သူကလည်း ပျောက်ပြီးမှ ပေါ်ရတဲ့ ဉာဏ်ကိုဗျ . . . (မှန်ပါ)။ အဲဒီတော့ ပျောက်ပြီးသားချည်း မမြင်ပေဘူးလား. . . (မြင်ပါတယ်ဘုရား)။ ဒါဖြင့် ဦးသာဒင် ဒါဘာဉာဏ်ခေါ်မလဲ . . . (နိဗ္ဗိန္ဒဉာဏ်ပါဘုရား)။

ဟုတ်ပြီ, ဘာဖြစ်လို့ ခင်ဗျားက နိဗ္ဗိန္ဒ ငြီးငွေ့ရတာ တုံး, အော်ကလီဆန်ရတာတုံး, နိဗ္ဗိန္ဒဉာဏ်ဆိုတာ အော်ကလီ ဆန်တဲ့ဉာဏ် . . . (မှန်ပါ)။ ပြော, မပြောချင်ဘူးဗျာ၊ ဘာမှ ကို အသုံးမကျလို့ ကိုင်လိုက်ရတယ်, သုံးလိုက်ရ တယ်ကိုမရှိ ဘူး, ပျောက်သွားတာချည်းဘဲ. . . (မှန်ပါ)။ ဟုတ်ဘူးလား . . . (မှန်ပါ)။ အသုံးချလို့ကို ဖြစ်သေးရဲ့လား (မဖြစ်ပါဘူး ဘုရား)။

www.dhammadownload.com



# ဒီအတွေးကမက်နားကပ်နေပြီ

အဲ့ဒါ အသုံးချလို့ မဖြစ်တာချည်းမြင်လို့ ငြီးငွေ့တာ, သဘောကျပြီလား (မှန်ပါ)။ ဒါဖြင့် ဘယ်နေရာအသုံးချမလဲ (ဘယ်နေရာမှ အသုံးချလို့မရပါဘူးဘုရား)။ အဲဒီအတွေးက ဖြင့် မက်နားကပ်နေပြီ, လုံးဝမလိုချင်တော့ဘူးဆိုတာ, မလာ တာ တစ်မယ်ကျန်တော့မယ် . . . (မှန်ပါ)။ မကိုင်ချင်တော့ ဘူးဆိုတဲ့စိတ်တော့လာတော့လာတယ် . . . (မှန်ပါ)။ သဘောကျပြီလား၊ . . . (မှန်ပါ)။ သို့သော် သူဟာ ငြီးငွေ့ရုံ, မုန်းရုံဘဲရှိသေးတယ်၊ . . . (မှန်ပါ)။

ဥပမာမယ် ဘုန်းကြီးတို့ ဒကာ,ဒကာမတွေအိမ်မှာ နေ့တိုင်းခိုင်စေနေတဲ့ကလေးမလေးတစ်ယောက်ဖြစ်စေ. ညီး. ငါ,မျက်လုံးထဲစူးလှပြီ, မုန်းလှပြီ၊ . . . (မှန်ပါ)။ အချက်နေရာမကျ, အပြုတ်နေရာမကျ, အဝတ်ဖွတ်နေရာ မကျ, ကလေးထိန်းနေရာမကျ, ဆိုကြပါစို့၊ . . . (မှန်လှပါ)။ မုန်းလှပြီ, မုန်းချင်မုန်း- ပေကြည့်နေတယ်၊ (မှန်ပါ)။ သွား တော့လို့ဆိုပြီလား၊ . . . (မဆိုသေးပါဘုရား)။

အဲဒီတော့ မုန်းတာဘဲရှိသေးတယ်, သွားတော့ မဆို နိုင်ဘူး၊ . . . (မှန်ပါ)။ ရိပ်မိပြီလား၊ . . . (ရိပ်မိပါပြီဘုရား)။ မုန်းတာဘဲရှိတယ်၊ . . . (မှန်ပါ)။ သွားတော့ဆိုနိုင်ရဲ့လား၊ . . . (မဆိုနိုင်ပါဘူးဘုရား)။ ဒါဖြင့် ဒီဉာဏ်သည် မုန်းတယ်

www.dhammadownload.com



ဆိုကတည်းက ခင်မှုလည်းသေတယ်၊ သို့သော် သွားဆိုတဲ့ဟာ မသုံးရက်ဘူး. . . (မှန်ပါ)။ သုံးရက်ပါ့မလား. . . (မသုံးရက်ပါဘူးဘုရား)။ မသုံးရက်သေးဘူး. . . (မှန်ပါ)။ ကြည့်နေသေးတယ်လို့ပြောသေးတယ်၊. . . (မှန်လှပါ)။ မပြောဘူးလား. . . (ပြောပါတယ်ဘုရား)။ ပြောသေးတယ်တဲ့၊ ဒါမုန်းရုံဘဲရှိပါသေးတယ် "ဦးဝင်း-ရ. . . (မှန်ပါ)။

ဧဝံ ပဿံ ဘိက္ခဝေ သုတဝါ အရိယသာဝကော ရူပသ္မိမ္ပိနိဗ္ဗိန္ဒတိ, ဝေဒနာယပိ နိဗ္ဗိန္ဒတိ၊ ရှုတာကို ပြီးငွေ့တာဘဲ၊. . . (မှန်ပါ)။ အဲ့ဒီတော့ စာကတော့ဖြင့် ဝေဒနာယပိ နိဗ္ဗိန္ဒတိ, သညာယပိနိဗ္ဗိန္ဒတိ လို့ စာကတော့ဆိုတာဘဲ -

ဝိညာဏသ္မိမ္ပိ နိဗ္ဗိန္ဒတိ, ဆိုတာ ခန္ဓာငါးပါးမုန်းတယ်လို့ဆိုတာဘဲတဲ့ ဟုတ်ပြီလား၊. . . (မှန်ပါ)။ သို့သော် ဘာဖြစ်လို့မုန်းတုံးဆိုတာ ပျောက်တာမြင်လို့ မုန်းတာ၊. . . (မှန်ပါ)။ ခန္ဓာငါးပါးဟာ ဘယ်သတ္တိရှိသတုန်းဆို- ပျောက်ပျက်တတ်တဲ့သတ္တိရှိတယ်၊. . . (မှန်ပါ)။ ပျောက်ပျက်တာကို မုန်းတာ၊ (မှန်ပါ)။

စာနဲ့နံမည်တပ်ပြီး ခိုင်းစမ်းကြည့်, ဘယ်သူ့မုန်းသတုန်းဆိုတော့ ကျုပ်တို့ကံလေးဝင်လာတယ်, မဟုတ်ဘူးလား၊. . . (ဟုတ်ပါတယ်ဘုရား)။ အဲ့ဒီ ကံလေးကို၊ ကံဖော်ပေးတာ၊ ကံဆိုတာကတော့, ဟို, ကျုပ်တို့ ဒီစကားပြောစရာ

www.dhammadownload.com



လေးပေါ့၊ ဘယ်သူ့မုန်းသတုန်း၊ မင်းဘယ်သူ့မုန်းသတုန်း ဆို၊ မေးရင်တော့ ဘယ်သူ့ကို ဆိုတာလေးတော့ ပြရဦးမယ်၊. . . (မှန်ပါ)။

## ဘယ်သူ့ကိုမုန်းတာတုံး

အဲ့ဒါကြောင့်သာ စာထဲမှာ ထည့်တာ၊ အသင်တို့ ပျောက်တာမုန်းတာ၊ (မှန်ပါ)။ ရိပ်မိ ပြီလား. . (မှန်ပါ)။ ဦးစင်း ဘာမုန်းတာတုန်း. . . (ပျောက်တာမုန်းတာပါ ဘုရား)။ ပျောက်တာမုန်းတာ၊ ကောင်းပြီ ဒါဖြင့် ဒကာ ဒကာမတို့မုန်းပြီ၊ မုန်းလို့ရှိရင် ဘုန်းကြီးက မှာချင်တယ်၊ ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ခင်ဗျားတို့ ထိုင်ဝ်ရင်း မတ်တတ်နဲ့ မုန်းလာလိမ့်မယ်နော်၊ ဘယ်သူ့မုန်းတာတုန်း ဆိုတော့ အို တိုတိုပြောကြပါစို့ ကိုယ့်ခန္ဓာကိုယ်မုန်းတာ. . . (မှန်ပါ)။

ပျောက်တဲ့ခန္ဓာကြီးမုန်းတာ. . . (မှန်ပါ)။ သဘော ကျလား. . . (ကျပါတယ်ဘုရား)။ ဘယ်သူ့မုန်းတာလဲ. . . (ကိုယ်ပျောက်တဲ့ခန္ဓာကိုယ်မုန်းတာပါဘုရား)။ ကိုယ့်ပျောက် တဲ့ခန္ဓာကိုယ်မုန်းတာ. . . (မှန်ပါ)။ ရိပ်မိပြီလား. . (မှန်ပါ)။ ဒါဖြင့် ကိုယ့်ပျောက်တဲ့ခန္ဓာ ကိုယ်မုန်းလို့ရှိရင်ဖြင့် သူ့သည် ယ့်ထာဘူတဉာဏ်က ကျေးဇူးပြုလို့ ကိုယ့်ခန္ဓာကိုယ်မုန်းတာ

www.dhammadownload.com



. . . (မှန်ပါ)။ ယထာဘူတဉာဏ်က ပျောက်တာ မုန်းစရာ အဖြစ်နဲ့ သူမြင်လာတယ်. . . (မှန်ပါ)။ ရိပ်မိပြီလား. . . (မှန်ပါ)။

ကောင်းပြီ ဒါဖြင့် မုန်းပြီဆိုလို့ရှိရင်ဖြင့် အခု နှစ်နံပါတ်ဉာဏ်-ဦးဝင်းတက်နေပြီနော်. . (မှန်ပါ)။ ဝိညာဏသို့မှ နိဗ္ဗိန္ဒတိ၊ အခုလို ပါဠိရွတ်တော့ ဦးကံရင် ဘယ့်နှယ်ထင်တုံး. . . (နိဗ္ဗိန္ဒ ဝိရဇ္ဇတိ)၊ အဲလာပြီ၊ နိဗ္ဗိန္ဒ၊ ငြီးငွေ့ခြင်းများ သည်ရှိသော်၊ ငြီးငွေ့ခြင်းများသွားပြီ. . . (မှန်ပါ)။ ဝိရဇ္ဇတိ၊ ဒီအပျက်ကြီး မလိုချင်တော့ဘူး၊ မဂ်ပေါ်ပြီ၊ ငြီးငွေ့ခြင်းများ ပြီးရင်ဖြင့် ဒီဉာဏ်ဟာ မဂ်ဉာဏ်ဖြစ်လာပြီ (မှန်ပါ)၊ ငြီးငွေ့ခြင်းများပြီးလို့ရှိရင် ဒီဉာဏ်က, ဘာဉာဏ်ဖြစ်လာလဲ, မလိုချင်တဲ့ဉာဏ်ဖြစ်လာတယ်. . . (မှန်ပါ)။ ဒီအပျက်ကြီးမလိုချင်တဲ့ဉာဏ်ဖြစ်လာတယ်။

ဒါကြောင့် ဝိရဇ္ဇတိတိမဂ္ဂေါ လို့ဖွင့်တယ်, ဘုရားက အဋ္ဌ ကထာဆရာက, ဝိရဇ္ဇတီတိ, ဝိရဇ္ဇတိ ဟူသည်ကား - မဂ္ဂေါ, မဂ်ပဲကွတဲ့ ဒီဥစ္စာ ရိပ်မိကြလား. . . (မှန်ပါ)။ ဦးဝင်း နိဗ္ဗိန္ဒ ဝိရဇ္ဇတိဆိုတည်းက ဝိရဇ္ဇတိဆိုတာ ဘာတဲ့တုံး. . . (မဂ်ပါဘုရား)။ မဂ်ပဲ. . . (မှန်ပါ)။ ရိပ်မိပြီလား. . . (မှန်ပါ)။ ဝိရဇ္ဇတိ မလိုချင်၏ကို မြန်မာလိုပြောင်းလိုက်တော့ ဦးဝင်းတို့ ရိပ်မိပြီလား (မှန်ပါ)။ ဝိရဇ္ဇတိ- ဘယ်နှယ့်ပေး

www.dhammadownload.com



ရမယ်. . . (မလိုချင်၏)။ မလိုချင်၏, ဘာမလိုချင်တာ တုံး. . . (ခန္ဓာကိုမလိုချင်တာပါဘုရား)။

ဒီအပျက်ကိုမလိုချင်တာ, အပျက်ချည်းရှိတာဟူသ၍ အကုန်မယူတော့ဘူး. . . (မှန်လှပါဘုရား)။ အပျက်ရှိတာ ဟူသရွေ့. . . (မလိုချင်တော့ပါဘူး)။ ကောင်းပြီ ဒါဖြင့် ဒီပုဂ္ဂိုလ်အပျက်မကြိုက်တဲ့ပုဂ္ဂိုလ်ဆိုတော့ သုံးဆယ့်တစ်ဘုံ မှာလဲ အပျက်ချည်းဘဲ. . (မှန်လှပါဘုရား)။ ရိပ်မိပြီလား (မှန်ပါ)။ သုံးဆယ့်တစ်ဘုံမှာ ဘာရှိလဲ. . . (အပျက်ချည်း ရှိပါတယ်ဘုရား)။

အပျက်ချည်းရှိတာ အပျက်မလိုချင်တဲ့ပုဂ္ဂိုလ်ဟာ ခိုင်မြဲတာဘဲ သူယူတော့မယ်. . . (မှန်ပါ)။ ပေါ်လာပြီ လား. . . (ပေါ်လာပါဘုရား)။ အပျက်မလိုချင်တဲ့ပုဂ္ဂိုလ်ဟာ, ကောင်းတာနဲ့ ခိုင်မြဲတာဘဲ သူယူမှာဘဲ. . . (မှန်ပါ)။ ဒါဖြင့် ဒီဉာဏ်သည် အပျက်မလိုချင်တဲ့ဉာဏ်ဖြစ်လေသောကြောင့် သူ့ရှေ့မှာဘဲ ဒီအပျက်တွေထွက်သွားတယ်, ပျောက်ထွက် တယ်. . (မှန်ပါ)။ ရှုရင်းပျောက်ထွက်တယ်. . . (မှန်ပါ)။

အဲ့ဒီတော့ မပျက်တဲ့နိဗ္ဗာန်ဟာ သူ့ရှေ့မှာလာပြီ, ဒါကြောင့် ဒုက္ခပိုင်းခြားပြီး, နိရောဓမျက်မှောက်ပြုတယ်ဆို တာ, ဒုက္ခ- ကဲ မင်း ဒီထဲသွားတော့ ပိုင်းခြားပစ်လိုက်တယ်၊

www.dhammadownload.com



ဟိုဘက်သွား, မင်း, မလိုချင်ဘူး, ဒါမှ လိုချင်တယ်, ဒါကိုလဲ ဆန္ဒပြင်းပြပြီး လိုချင်တယ်, ရိပ်မိပြီလား. . . (မှန်ပါ)။

## မလိုချင်တဲ့ဉာဏ်သည် မဂ်ဉာဏ်

ဒါဖြင့် ခင်ဗျားတို့ ဒီ တတိယဉာဏ်ကို ဦးဝင်းဘာဉာဏ်ခေါ်မတုံး၊ မလိုချင်တဲ့ဉာဏ် . . . (မှန်ပါ)။ ဟုတ်လား. . . (မှန်ပါ)။ ဒါဖြင့် ခင်ဗျား တို့မလိုချင်တဲ့ ဉာဏ်ဟာ ပီပီသသပြောစမ်းပါဆိုတော့ မဂ်ဉာဏ်ဘဲ. . . (မှန်ပါ)။ ရှင်းပြီလား (မှန်ပါ)။ မလိုချင်တဲ့ဉာဏ် ဘာဉာဏ် ခေါ်မလဲ. . . (မဂ်ဉာဏ်ပါဘုရား)။ ကောင်းပြီ မလိုချင်တဲ့ ဉာဏ်သည် မဂ်ဉာဏ်ဘဲဆိုသဖြင့် လိုချင်တဲ့တရား သူသတ်တယ်ဆိုတာကော (မှန်လှပါ)။ မသေချာဘူးလား. . . (သေချာပါတယ်ဘုရား)။ ဒါဖြင့် သမုဒယသစ္စာလည်း သူပေါ်လာရင်သေတော့မှာ. . . (မှန်ပါ)။ လိုချင်တဲ့ တဏှာလည်း သတ်တယ်၊ လိုချင်တဲ့ဒါကြီးလည်း သတ်ပစ်လိုက်တယ် (မှန်ပါ)။ ပစ္စည်းကိုလည်း လွှင့်ပစ်လိုက်တယ်. . . (မှန်ပါ)။ ပစ္စည်းလွှင့်ပစ်တယ်ဆိုတည်းက ဝမ်းထဲမှာ မလိုချင်တဲ့စိတ်ကြောင့် မှတ်ပေတော့. . . (မှန်ပါ)။

www.dhammadownload.com



## ဒုက္ခမရှိတာသည် နိဗ္ဗာန်

ဒါဖြင့် သမုဒယ သစ္စာလည်းပယ်တယ်, ဒုက္ခသစ္စာလည်းလွှင့်ပစ်တယ်. . . (မှန်ပါ)။ ပိုင်းခြားတယ်၊ သဘောကျလား. . . (ကျပါတယ်ဘုရား)။ ဒါဖြင့် ဒီသမုဒယသစ္စာလည်းပယ်ရမယ်၊ ဒုက္ခသစ္စာကိုလည်းပိုင်းခြားတော့ ဒုက္ခမရှိတော့ဘူး, ဒီဉာဏ်မှာ ဒုက္ခမရှိတော့ ဘယ်သူနဲ့နေသတုံး ဒီဉာဏ်ကိုမေးရမယ်. . . (မှန်လှပါ)။ ဒုက္ခမရှိတာနဲ့နေမှာ. . . (မှန်ပါ)။ ဦးဝင်း သူဘာနဲ့နေ. . . (ဒုက္ခမရှိတာနဲ့နေပါတယ်ဘုရား)။ ဒုက္ခမရှိတာ ဘာခေါ်ကြ (နိဗ္ဗာန်ပါ)။

ဘယ့်နှယ်, နိဗ္ဗာန် မဂ္ဂသ လို့ပေါ်လာတယ်၊ နိဗ္ဗာနံ - နိဗ္ဗာန်သည်၊ မဂ္ဂဿ-မဂ်အား, နိဗ္ဗာန်ပေါ်ရင် မဂ်ဟာပေါ်လာရတယ်. . . (မှန်လှပါ)။ ရိပ်မိပြီလား (ရိပ်မိပါပြီဘုရား)။ ဒါဖြင့် မလိုချင်တဲ့ဉာဏ်သည် ဘာကိုသာမလိုချင်တာတုန်းလို့မေးလို့ရှိရင်ဖြင့် ဟောဒါ ဖြစ်ပျက်ကြီး မလိုချင်တာ, အပျက်ကြီးကိုမလိုချင်တာ, အပျက်ကြီးဘယ်ကမလိုချင်တာတုန်းဆိုတော့ ဝမ်းထဲကမလိုချင်တာ. . . (မှန်ပါ)။ ဝမ်းထဲကမလိုချင်ဘူး, ဝမ်းထဲမှာလည်း သူချုပ်ပြီ သမုဒယသစ္စာအနေနဲ့ချုပ်နေတယ်. . . (မှန်ပါ)။ လိုချင်တာက ဝမ်းထဲကလိုချင်တယ်-နဂိုက၊ အခု မလိုချင်တော့ပါဘူးဆိုတော့ သူဝမ်းထဲကချုပ်တယ်. . . (မှန်ပါ)။

www.dhammadownload.com



သဘောကျလား. . (ကျပါတယ်ဘုရား)။ သမုဒယ သစ္စာဝမ်းထဲက မချုပ်ဘူးလား. . . (ချုပ်ပါတယ်ဘုရား)။ သမုဒယသစ္စာဝမ်းထဲကချုပ်တဲ့အခါကျလို့ရှိရင်ဖြင့် ဒီပစ္စည်း သိမ်းပိုက်ထားသေးရဲ့လား (မသိမ်းပိုက်ပါဘူးဘုရား) မသိမ်း ပိုက်တဲ့ သမုဒယအကြောင်းချုပ်တော့, ဒီအကျိုးချုပ်တယ် . . . (မှန်ပါ)။ ဟောဒီမီးသေရင် ဟောဒီအပူရှိန်တွေ အကုန်သွားပြီ. . . (မှန်ပါ)။ ဒီမီးသေတဲ့အတွက်, ဒီအပူရှိန် တွေကျန်ဦးမလား. . (မကျန်တော့ပါဘူးဘုရား)။

ဒါဖြင့် သူတို့နှစ်ခု ပယ်တယ်လို့မဆိုနိုင်ဘူးလား. . . (ဆိုနိုင်ပါတယ်)။ ဒုက္ခပိုင်းခြား, သမုဒယပယ်, ဘာကျန်နေ တုန်းဆိုတော့, ဒီနှစ်ခုကျန်တယ်. . . (မှန်ပါ)။ ဒုက္ခချုပ်တာ ရယ်, မဂ်ကယ်, ဒါ့ကြောင့် နိဗ္ဗာန် မဂ္ဂသ. . . (မှန်ပါ)။ နိဗ္ဗာန်သည် မဂ်အား ကျေးဇူးပြု၏, ပဋ္ဌာန်းပါဠိတော်က သဘောကျလား. . . (ကျပါတယ်ဘုရား)။ ဒါဖြင့် ဒီဉာဏ် ဘာဉာဏ်ခေါ်ကြမလဲ. . . (မဂ်ဉာဏ်ပါဘုရား)။ မဂ်ဉာဏ် ပေါ့, သူကနိဗ္ဗာန် သူကနိဗ္ဗာန်မြင်တဲ့ဉာဏ်. . . (မှန်လှပါ)။ သဘောကျလား. . . (ကျပါတယ်ဘုရား)။

ကိုင်း တတိယဉာဏ် ဘာဉာဏ်ခေါ်ကြမလဲ. . . (မဂ်ဉာဏ်ပါဘုရား)။ ဒါကြောင့် နိဗ္ဗိန္ဒက္ခော-ငြီးငွေ့ခြင်းသည် ရှိသော်. . . (မှန်ပါ)။ ပြီးမှာတဲ့. . . (မှန်ပါ)။ ဝိရဇ္ဇတိ၊ မလို

www.dhammadownload.com



ချင်၏, ဘာမလိုချင်တာလည်းဆိုတော့, လိုချင်တဲ့တဏှာကို သေတာရယ်, ဒီကဟာ, ဒီမလိုချင်တာရယ် . . (မှန်လှပါ)။ ဟိုဘက်ကို ပစ္စည်းလိုချင်သေးလား . . (မလိုချင်ပါဘူး ဘုရား)။ မလိုချင်တော့ ပိုင်းခြားပစ်ခဲ့တာပေါ့။ ရှင်းပြီလား (မှန်ပါ)။

## သစ္စာလေးချက် တစ်ပြိုင်နက်

ဒါဖြင့် သစ္စာ ဒီဉာဏ် ပေါ်ရင် ဘယ်သစ္စာနှစ်ခုချုပ်၍ ဘယ်သစ္စာနှစ်ခုကျန်ရစ်သလဲ, ရှင်းကြလား . . (မှန်ပါ)။ သမုဒယသစ္စာနဲ့ ဒုက္ခသစ္စာ မရှိဘူး . . (မှန်ပါ)။ မဂ္ဂသစ္စာနဲ့ နိရောဓသစ္စာကျန်တယ် . . . (မှန်ပါ)။ ဒါက တစ်ပြိုင်နက် ဟုတ်လား . . . (မှန်ပါ)။ ဒီအမှားနှစ်ခုပျောက်သွားတဲ့အခါ ဒီအမှန်နှစ်ခုကျန်ရစ်ခဲ့တယ် . . (မှန်ပါ)။ သဘောကျလား . . . (ကျပါတယ်ဘုရား)။

ဒါ့ကြောင့် သစ္စာလေးချက် တစ်ပြိုင်နက်ဆိုတာ ဦးဝင်းပေါ်ပြီလား . . (မှန်ပါ)။ ဒါ အင်မတန် သဘောပါတဲ့ တရားနော် . . (မှန်လှပါဘုရား)။ အင်မတန်သဘောပါတဲ့ တရား, ခင်ဗျားတို့ ဒီရောက်အောင် ကြိုးစားလိုက်ရင် ပြီးပါ တယ်၊ . . . (မှန်လှပါ)။ ဒီရောက်အောင် ကြိုးစားလိုက်ရင် ပြီးတာဘဲ အဲ့ဒီတော့ အခု အနတ္တ လက္ခဏာသုတ်ကို ဦးဝင်း

www.dhammadownload.com



လည်းရလို့ ဦးသာဒင်ကလည်းရလို့ ဦးစံရီကလည်း အိမ်ရောက်ရင် ပြန်ကြည့်လိုက်တာပေါ့။ . . . (မှန်လှပါဘုရား) အင်း-ဉာဏ်ဘယ်နှဉာဏ်ဟောလဲ၊ (သုံးဉာဏ်ဟောပါတယ်)။

ပဌမ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယဒဋ္ဌဗ္ဗံ တစ်ဉာဏ်၊ . . . (မှန်လှပါ) ဟုတ်လား . . . (မှန်လှပါ) ဧဝံ ပဿံ ဘိက္ခဝေ ဝိညာဏသ္မိမ္ပိ ရူပသ္မိမ္ပိ နိဗ္ဗိန္ဒတိ. . . နှစ်ဉာဏ် . . . (မှန်ပါ) ဟုတ်လား၊ . . . (မှန်ပါ) နိဗ္ဗိန္ဒန္တော ငြီးငွေ့ပြီး သည် ရှိသော် ဝိရဇ္ဇတိ မလိုချင်တဲ့ဉာဏ် ပေါ်၏။ . . . (မှန်ပါ)။ ဆိုတော့ သုံးဉာဏ် (သုံးဉာဏ် မှန်ပါ) ဘုရား သုံးဉာဏ်နဲ့ တက်တယ် ရိပ်မိလား၊ . . . (မှန်ပါ) ဘယ်နှဉာဏ်နဲ့တက်လဲ . . . (သုံးဉာဏ်နဲ့တက်ပါတယ်) ဘုရားက နိဗ္ဗာန်ကို ဘယ်နှစ်ဉာဏ်နဲ့ သူမြင်သတုန်းမေးရင် ဘယ့်နှယ် ပြောကြမလဲ . . . (သုံးဉာဏ်နဲ့ မြင်ပါတယ်)။

သုံးဉာဏ်နဲ့မြင်တယ်၊ . . . (မှန်လှပါဘုရား) ရှင်းပြီလား . . . (ရှင်းပါတယ်ဘုရား) ဒါဖြင့် ဘယ့်နှယ်တုန်း ဉာဏ်ဆယ့်ခြောက်ပါးတို့ ဉာဏ်ဆယ့်နှစ်ပါးတို့ ဘယ်သူကရှုပ်ထားတာတုန်း၊ . . . (မှန်လှပါ) မေးဖို့မလိုဘူးလား . . . (လိုပါတယ်ဘုရား) မေးဖို့လိုတယ်တဲ့ ဦးဝင်းလိုလာတယ် . . . (မှန်ပါ)။

ဘုရားကလဲ ဒါဘဲဟောတယ်ဆိုတော့ ခုန ပါဠိတော်

www.dhammadownload.com



နဲ့ဆိုရင် ကုန်သွားပြီ . . . (မှန်လှပါ) မကုန်ပေဘူးလား . . . (ကုန်ပါတယ်ဘုရား)။ ခုနက ပါဠိတော်နဲ့ကိုက်ပြီလား၊ . . . (ကိုက်ပါတယ်)။ ကောင်းပြီတဲ့ ဘုရားပါဠိတော်များက ဘုရားဆိုတာက အင်မတန်နက်နဲတဲ့ပုဂ္ဂိုလ်, ဒီထဲမှာ ဟိုဟာတွေ အကုန်ဝင်သွားတယ်, ခင်ဗျားတို့ အခု လောကသုံးနေတဲ့ ဉာဏ်တွေပေါ့ဗျာ အခုယောဂီတွေ သုံးတဲ့ဉာဏ်တွေ . . . (မှန်ပါ) ဒီထဲ အကုန်ဝင်သွားတယ် . . . . (မှန်လှပါဘုရား) ရိပ်မိပြီလား . . . (မှန်ပါ) ဒီထဲ အကုန်ဝင်သွားတာဘဲ . . . (မှန်ပါ)။

ဒါ့ကြောင့် သူကိုအထူးအားထုတ်နေစရာမလိုဘူးတဲ့ ဒီသုံးဉာဏ်သာ မင်းတို့အားထုတ်, ဒီဉာဏ်ထဲမှာ လေးခု ဝင်တယ်, ယထာဘူတဉာဏ်, တစ်နံပါတ်ဉာဏ်ထဲမှာ လေးခု ဝင်တယ်၊ . . . (မှန်ပါ) နှစ်နံပါတ်နိဗ္ဗိန္ဒဉာဏ်ထဲမှာ ငါးခု ဝင်တယ်။ ဟုတ်လား . . . (မှန်ပါ)။ ဒီမဂ်ဉာဏ်ထဲမှာလည်း မဂ်ဉာဏ်, ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ် ဒါတွေက မထူးတော့ဘူး . . . (မှန်ပါ) မဂ်ဉာဏ်ပြီး, ဖိုလ်ဉာဏ်လာ, ဖိုလ်ဉာဏ်လာ ပစ္စဝေက္ခဏာဉာဏ်လာမှာဘဲ, ဒါ စာထဲထည့်ရေးနေဖို့ မလိုဘူး၊ . . . (မှန်လှပါ) ဟုတ်ဘူးလား . . . (မှန်လှပါ) ရှင်းပြီလား . . . (ရှင်းပါဘုရား)။

ဒါဖြင့် ယထာဘူတဉာဏ်ထဲမှာ လေးခုဝင်သွားတယ်

www.dhammadownload.com



. . . (မှန်လှပါ) နိဗ္ဗိန္ဒဉာဏ်နှင့်တကွ ငါးခုဝင်သွားတယ်, ဒါ မင်းတို့က စာမှာသာရှည်နေတာ, ငြီးငွေ့တဲ့အထဲ ငါးခုပါသွား တယ် . . . (မှန်လှပါ) ယထာဘူတဉာဏ်ထဲမှာလဲ လေးခု ပါသွားတယ်, နောက်သွင်းလိုက်တော့ကို ဒီသုံးဉာဏ်ထဲပြ တယ် ရိပ်မိပြီလား, မဂ်ဉာဏ်ပေါ်, မဂ်ပေါ်လာတယ်ဆိုတော့ မဂ်ဉာဏ်ဖြစ်ကရော, မဂ်ပြီးရင် မဂ်ကတစ်ကြိမ်ပြီးပြီးသွားရင် ဖိုလ်လာတာ ဘာထူးသေးတုန်း, ဖိုလ်ဉာဏ်ဖြစ်မှာဘဲ . . . (မှန်ပါ)။

## စာထဲထည့်ရေးထားလို့ခက်နေတာ

ဖိုလ်ပြီးတော့ကို ဆင်ခြင်တဲ့စိတ် နောက်လောကီ စိတ်တွေမလာပေဘူးလား . . . (လာပါတယ်ဘုရား) အဲ့ဒါလည်း ပစ္စဝေက္ခဏာဉာဏ်က ဆင်ခြင်တဲ့ဉာဏ်လို့ မဆိုရပေဘူးလား . . . (မှန်ပါ) ဒါဖြင့် တောင့်တယူရတာလား သူ့ဟာသူ အစဉ်လိုက်ပေါ်တာလား၊ . . . (အစဉ်လိုက်ပေါ်တာပါ ဘုရား) အဲ့ဒါစာထဲထည့်ရေးထားလို့ ခက်နေတာ . . . (မှန်ပါ)။ ဒါ သူ့ဟာသူပေါ်မည့်ဥစ္စာ ကျုပ်တို့က လုပ်ယူရမလို ထင်နေလို့ လေးကုန်တယ်၊ . . . . (မှန်ပါ) ရိပ်မိပြီလား . . . (မှန်ပါ)။

သူ့ဟာသူပေါ်မယ် ရေဟာစီးရမယ် အမြင့်အနိမ့်ကို

www.dhammadownload.com



စီးရမယ်ဆိုတဲ့ဥစ္စာ သိလျက်သားနဲ့ ထူးထူးထွေထွေ ပြောနေဒါအပိုပဲ၊ . . . (မှန်ပါ) ရေဟာ နိမ့်ရာစီးမှာဘဲ သူ၊ . . . (မှန်ပါ) စီးလိမ့်ဦးမယ် စီးလိမ့်ဦးမယ် အခုမရောက်သေးဘူး ဆိုရင်တော့ ခက်တယ်, ကြည့်သာနေ သူ့ဟာသူ စီးသွားမှာဘဲ . . . (မှန်ပါ)။

ကျုပ်တို့ကစကားထဲထည့်ပြီးသကာလ ဘယ်ရောက်ပြီ, ဘယ်ရောက်ပြီပြောနေဖို့ မလိုပါဘူး . . . (မှန်ပါ)။ ကဲ-ရှင်းပြီလား . . . (မှန်ပါ)။

ကဲ - ဒါဖြင့် ဒီနေ့တရားမှာ ခင်ဗျားတို့ စူးစူးစိုက်စိုက် မှတ်ပါဆိုတော့ အစကပြန်ကောက်, တစ်နံပါတ်က ယထာဘူတဉာဏ် . . (မှန်ပါ) နှစ်နံပါတ်က ဘာလဲ . . . (နိဗ္ဗိန္ဒဉာဏ်ပါ)။ သုံးနံပါတ်က . . . (မဂ်ဉာဏ်ပါ) မဂ်ဉာဏ်ကောင်းပြီ, ဒါကိစ္စပြီးရောဆိုကြပါစို့ ဒီတိုင်းတက်ကြပါ ဦးစံရီ ဒီတိုင်းတက်ပါ (မှန်ပါ)။

သူက ဖြစ်ပျက်မြင်တဲ့ဉာဏ်, သူကဖြစ်ပျက်မုန်းတဲ့ဉာဏ် . . . (မှန်ပါ) သူက ဖြစ်ပျက်အဆုံး မြင်တဲ့ဉာဏ် ဒါဘဲ . . . (မှန်ပါ) အကျဉ်းချုပ်မှတ်လိုက်တော့ ဒါဘဲရတယ်၊ တစ်နံပါတ်ဉာဏ်က ဘာတုန်း . . (ဖြစ်ပျက်မြင်တဲ့ဉာဏ်ပါ) ဖြစ်ပျက်မြင်တဲ့ဉာဏ် သူကဖြစ်ပျက်ကိုမုန်းတဲ့ဉာဏ် . . . (မုန်းတဲ့ဉာဏ်) သူကဖြစ်ပျက်အဆုံးမြင်တဲ့ဉာဏ် . . (မှန်ပါ)။

www.dhammadownload.com



ဒါ သိရမယ်, ရုပ်မိပြီလား, ဒါလေး ဒါရုပ်မိကြပြီ ခင်ဗျားတို့ . . . (မှန်ပါ) ပေါ်ပြန်ပြီ ဒီသုံးအညွန့်တပ်လိုက်ရင် ဒါပြီးသွားတာဘဲ . . . (မှန်ပါ) ပထမဉာဏ်က ဘာမြင်ရမလဲ . . . (ဖြစ်ပျက်မြင်ရပါမယ်ဘုရား) ဒုတိယဉာဏ် (မုန်းရပါမယ်) မုန်းရမယ်၊ . . . (မှန်လှပါ) တတိယဉာဏ်က၊ . . . (ဖြစ်ပျက်အဆုံးကို မြင်ရပါမယ်) အဆုံးကိုမြင်ရမယ် . . . (မှန်လှပါ)။ ပြီးတာဘဲ ဖြစ်ပျက်အဆုံးဆိုရင် ဒုက္ခသစ္စာဆုံးပြီ . . . (မှန်ပါ) မဆုံးပေဘူးလား . . . (ဆုံးပါတယ်) ဖြစ်ပျက်မရှိတော့ဘူးဆိုရင် နိဗ္ဗာန်ဘဲ . . . (မှန်လှပါ) ဒါဘဲရှိတယ် . . . (မှန်လှပါ)။

## ပါဠိတော်မှာပါတာ မသိကြဘူး

ဒါကြောင့် ခင်ဗျားတို့ အသက်ကြီးတဲ့ ပုဂ္ဂိုလ်တွေနဲ့, ဩော် ဘုရားဟောတော်မူတာနဲ့ တန်းနေတာဘဲ . . . (မှန်ပါ) ဒီတိုင်းလိုက်သွားရင် ဦးဝင်း, ဘာရှည်စရာရှိသေးလဲ . . . (မရှိပါဘူးဘုရား) သို့သော် ဟောခဲ့တယ် ဟောခဲ့တယ် ဆိုတာ ပါဠိတော်မှာ မရှင်းတာ ခင်ဗျားတို့ ရထားတဲ့ပါဠိတော်ထဲမှာကို ဒီဉာဏ် သုံးဉာဏ်ဟောတာဘဲလို့ ခင်ဗျားတို့က မသိဘူး ခက်တာဘဲ . . . (မသိပါဘူး) အခုတော့ သိပြီမို့လား . . . (မှန်ပါ)။

www.dhammadownload.com



ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယဒဋ္ဌဗ္ဗံ၊ ဒဋ္ဌဗ္ဗံရှု ဆိုတော့ ယထာဘူတဉာဏ်နဲ့ရှုကွ ဟုတ်လား . . . (မှန်ပါ) မလာဘူးလား . . . (လာပါတယ်ဘုရား) နောက်ကြတော့ ဧဝံပဿံ ဘိက္ခဝေ၊ ဤကဲ့သို့ယထာဘူတဉာဏ်နဲ့ ရှုပြီးသည် ရှိသော် ရဟန်းတို့ ယထာဘူတဉာဏ်နဲ့ မင်းတို့ရှုပြီးသည် ရှိသော် ရူပသ္မိံပိနိဗ္ဗိန္ဒတိ တဲ့ မင်းတို့ ရှေ့ကိုငြီးငွေ့ပြီတဲ့ ရုပ်တွေ့ လည်း ငြီးငွေ့မှာဘဲ နာမ်တွေ့လည်း (နာမ်ငြီးငွေ့မှာပါဘုရား) နာမ်ငြီးငွေ့လာလိမ့်မယ်တဲ့ နှစ်နံပါတ်ဉာဏ်တက်တယ်၊ . . . (မှန်လှပါ) မပြဘူးလား . . . (ပြပါတယ်ဘုရား)။

နိဗ္ဗိန္ဒန္တော နိဗ္ဗိန္ဒန္တော ငြီးငွေ့တဲ့အဆုံးကြတော့ ဘာလာမှာတုန်းဆိုတော့။ ဝိရဇ္ဇတိ, မဂ်ပေါ်လာလိမ့်မယ်ကွ တဲ့ မဂ်ပေါ်လာမယ်၊ . . . (မှန်ပါ) ဟော ဒါဘဲဟောထား ခဲ့တယ်, ကဲ ဦးဝင်းတို့ မတိုဘူးလား၊ . . . (တိုပါတယ်ဘုရား)။ တိုတယ်ဆို ဘုန်းကြီးက ဆိုတာလား ဘုရားက ဆိုထားခဲ့တာ လား ခင်ဗျားတို့က အကဲခတ်ရမယ် . . . (မှန်လှပါဘုရား)။ ဟင် . . . (မှန်လှပါဘုရား)။

## ဒီသုံးဉာဏ်က ဘုရားကိုယ်တော်တိုင်ဟောတာ

ဘုရားက ဆိုတာပါ။ ဘုရားကိုယ်က ဒီအတိုင်း ဟောတာ . . . (မှန်ပါ)။

www.dhammadownload.com



ကဲ-ဒါဖြင့် အားလုံး ဒကာဒကာမတို့ သဘောထဲကို မှတ်ကြပေတော့ ဘာဖြစ်လို့တုန်း, ဉာဏ်ဆယ့်ခြောက်ပါး, ဉာဏ်ဆယ်ပါးဆိုတော့ ဒကာဒကာမတွေ လန့်ပြေးတာပေါ့ . . . (မှန်လှပါဘုရား) အင်း အတော်တက်ရမှာပါလား လှေခါးဆယ်တစ်နဲ့ သုံးထစ်နဲ့ဆိုတော့ သုံးတစ်ဆိုတော့ မြန်မြန်တက် ရောက်တယ် (မှန်လှပါဘုရား)။ ဆယ်ထစ်ဆိုတဲ့ လှေခါးတက်ရမယ်ဆို ဘယ့်နှယ်တုန်း . . . (မှန်လှပါ) အို နားရဦးမှာပါ. . . ဒီလိုမသွားပေဘူးလားဗျ . . . (သွားပါ တယ်) ရိပ်မိပလား (ရိပ်မိပါပြီ) ကဲ ဘယ်နှစ်ဆင့် နဲ့ ရောက်လဲ . . . (သုံးဆင့်နဲ့ရောက်ပါတယ်) သုံးဆင့်နဲ့ ရောက်တယ် . . . (မှန်လှပါ)။

ရောက်သင့်, မရောက်သင့် ဒါ ကျုပ်တို့က ဝေဖန် ရမယ် ဒါက အပျက်အပျက်ကို မြင်တယ်၊ ဒါက အပျက်ကို မုန်းတယ် . . . (မှန်ပါ) မဟုတ်ဘူးလား (မှန်ပါ) ဒါက အပျက်ကို မလိုချင်တာ . . . (မှန်လှပါ) ပြီးနေတာဘဲ သင်္ခါရအနိစ္စကို မလိုချင်တာဘဲ . . . (မှန်ပါ) သင်္ခါရ ဒုက္ခကို . . . (မလိုချင်ပါဘူး) သဗ္ဗေဓမ္မာ အနတ္တာကော . . . (မလိုချင်ပါဘူး) မလိုချင်လို့ရှိရင် အဲ့ဒါ မလိုချင်တဲ့ဉာဏ် ရောက်ရင် ကိစ္စပြီးသွားပြီ . . . (မှန်လှပါ)။

www.dhammadownload.com



လိုချင်တာ သမုဒယသစ္စာ . . . (မှန်လှပါ) မလိုချင်တာ မဂ္ဂသစ္စာ. . . (မှန်ပါ) ပြီးနေတာဘဲဗျ, မရှင်းသေးဘူးလား. . . (ရှင်းပါဘုရား)။ လိုချင်တာ ဘာတုန်း . . . (သမုဒယသစ္စာပါ) မလိုချင်တာက . . . (မဂ္ဂသစ္စာပါ) မဂ္ဂသစ္စာလာရင် သမုဒယသစ္စာ ချုပ်ရုံဘဲ . . . (မှန်လှပါ)။ သမုဒယသစ္စာချုပ်တော့ "တဏှာနိရောဓော နိဗ္ဗာနံ" လို့ ဘုရားက ဟောလိုက်တယ် သူချုပ် နိဗ္ဗာန်ပေါ်ကွာတဲ့ ဘာရှည်နေစရာ ရှိတော့လည်းတဲ့. . . (မှန်လှပါ)။

## ဘယ်မှာမှ တရားရှာမနေနဲ့ ဒီသုံးဉာဏ်နဲ့ပြီးတယ်

သူချုပ်သွားတော့ ဒီပြင် ဒုက္ခသစ္စာက သူတည်းဟူသော မီးဖိုရှိလို့ အပူလာတာဘဲ . . . (မှန်လှပါ) အရှိန်လာတာဘဲ. . . (မှန်လှပါ) မီးသေတော့ အပူရှိန်ရှိပါဦးမလား . . . (မရှိပါဘုရား)။ ဒါကြောင့် ပြီးပါတယ်တဲ့ ငါ ဒီသုံးဉာဏ်ထဲသာ ဟောပါတယ် ကဲ ရှင်းကြလား . . . (ရှင်းပါတယ်ဘုရား)။

ကဲ ဘယ်မှာမှ ခင်ဗျားတို့ တရားရှာမနေနဲ့ ဒီသုံးဉာဏ်နဲ့ဘဲတက်, ရှုနည်းကိုတော့ ဘယ်နေရာဘာဖြစ်တယ်ဆိုတာ ဘုန်းကြီးပြောထားပြီးပြီ . . . (မှန်လှပါ)။ မပြောသေးဘူးလား . . . (ပြောပါတယ်ဘုရား) ဘယ်နေရာ ဘာဖြစ်

www.dhammadownload.com



တယ်ဆိုတာ ရှုတဲ့နေရာမှာ ပျောက်တာလေးဘဲ ကြည့်။

အဲဒါကျတော့ကို ဒီပျောက်တာလေးလျှောက်ကြည့်နေရလို့ လန့်ခြင်း, ကြောက်ခြင်း, ကိုယ်ခက်တရော်ရှိခြင်းဘာတွေ ညာတွေကို လာနေတာဘဲ, အောက်ကျတာနဲ့ ခန္ဓာကိုယ်နှစ်ခြမ်းကွဲသွားမယ်လို့ မလာနိုင်ဘူး, ပျောက်တာကြည့်နေတာနဲ့. . . (မှန်လှပါ) လာစရာလိုသေးလား . . . (မလိုပါဘူးဘုရား)။

အဲ့ဒါကြောင့် သမထကဆိုးတာ၊ . . . (မှန်လှပါ) ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား) တော်သေးတယ် မရှုးသေးလို့ ရှုးတတ်တယ် အဲဒါအသေအချာ ရှုးတတ်တယ်, အသေအချာရှုးတတ်တယ်, အခုမရှုးရင် နောက်မိန်းမတွေများ အရွယ်လွန်တဲ့အခါမှာ ထိခိုက်တတ်တယ် . . . (မှန်လှပါ) ဒီဘက် ဒါတွေဟာ (မှန်လှပါ) အတော်ကြောက်စရာကောင်းတယ်၊ . . . (မှန်လှပါ) ကောင်းပြီ ဒီတော့သမထမကူးဘူး၊ မကူးတော့ မပါဘူးလားဆိုတော့ပါတယ် သမထကပါတယ်။

## ဖြစ်ပျက်မြင်ရင် သမထပါနေတယ်

ရှင်းပြမယ်နော်, သမထပါတာကို ရှင်းပြမယ်, သမထပါတာကို ရှင်းပြမယ်ဆိုတော့ လွယ်ပါတယ်, ဒါက ဖြစ်ပျက်,

www.dhammadownload.com



ဒါက ဖြစ်ပျက်မုန်းစရာ၊ (မှန်လှပါ) ဒါကဆုံးတာ . . . (ဆုံးတာ)။ ဒါ့ဖြင့် သူကပျက်, သူကမုန်းစရာ သူက ဆုံးသွားဆိုတော့ ဒီအပျက်ကို မြင်အောင်ကြည့်ပါဆိုလို့ရှိရင်လည်း သမ္မာဒိဋ္ဌိပါတယ်, သမ္မသင်္ကပ္ပဆိုတဲ့ မဂ္ဂင်နှစ်ပါး မပါဘူးလား . . . (ပါပါတယ်) ပညာမဂ္ဂင်ပါနေတယ် . . . (မှန်လှပါ) မပါဘူးလား . . . (ပါပါတယ်)။ ဒါက ပညာမဂ္ဂင် (မှန်လှပါ) နောက် သတိ, သမာဓိ, ဝီရိယ မရှိဘဲနဲ့ဆို ဒါက ပျက်တာ မြင်ပါ့မလား (မမြင်ပါဘူးဘုရား)။

ဒါက သမာဓိ . . . (မှန်လှပါ) ပါနေတယ်၊ . . . (ပါပါတယ်) ဒါက သမထ . . . (မှန်လှပါ) ဒါက ဝိပဿနာ . . . (မှန်လှပါ) တွဲပြီးလွှတ်လိုက်ရမယ်၊ (မှန်လှပါ) တွဲပြီး သူလွှတ်လိုက်တာ . . . (မှန်ပါ) ရိပ်မိပြီလား . . . (မှန်ပါ) သမာဓိမဂ္ဂင်သုံးပါးနဲ့ ပညာမဂ္ဂင်နှစ်ပါး ဒီထဲတွဲလိုက်နေတယ် . . . (မှန်လှပါ) ရိပ်မိပြီလား . . . (မှန်လှပါ)။

## တရားနာရင်း မဂ်ကိစ္စပြီးသူတွေ

အဲ့ဒါကြောင့်မို့ ဘုရားရဲ့ တရားနာနေရင်း မဂ်ဖိုလ်တည်တဲ့ပုဂ္ဂိုလ်တွေ ဘယ်သမထပါနေလိမ့်မလည်းဗျ, တွဲလွှတ်လိုက်တယ် . . . (မှန်လှပါဘုရား) ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား) ဘုရားရှင်က ရှာဟုလာတရားဟောတော့လည်း

www.dhammadownload.com



အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဟောတာဘဲ၊ မင်းဟာမင်း၊ မှင်း "ဇေတံ မမ ဧသောဟမသ္မိဧသော မေအတ္တာ"ဆိုတော့ ဘယ်သမထ မှုတည်နေတာ ပါသေးလား . . . (မပါပါဘုရား) ပါသေး လား . . . (မပါပါဘုရား) တရားပွဲပြီးဆုံးတော့ တည်သွား တာတွေကော . . . (မပါပါဘူးဘုရား) အခုလာနာပြီး အခု ပဲ ကိစ္စပြီးကြတယ် တွဲထားလိုက်တယ် . . . (မှန်လှပါဘုရား)။

## သမထနဲ့ဝိပဿနာတွဲမြင်တယ်

ဒါဖြင့် သမထနဲ့ ဝိပဿနာဟာ ဆရာတွေက ခွဲပြီး တော့ ခင်ဗျားတို့ ဟောနေလို့သာ၊ ခင်ဗျားတို့ ဟောဒီအပျက် သာမြင်တဲ့တစ်နေ့ကျရင် တွဲလျက်ချည်းမြင်တယ် . . . (မှန်ပါ) တွဲလျက်ချည်းမြင်တယ် . . . (မြင်ပါတယ်) ရိပ်မိပြီ လား . . . (မှန်ပါ) သမာဓိမရှိရင် ဒါလေးက ဖမ်းလို့မိပါ့ မလား . . . (မမိပါဘူး)။ သတိမရှိရင် ဒီပျက်မှန်းသိပါ့မလား . . . (မသိပါဘူး) ဝီရိယမရှိရင် ဒီဘက်ဉာဏ် လှည့်ပါမလား . . (မလှည့်ပါဘူး)။ ပညာမပါရင်လည်း မြင်ပါ့မလား (မမြင် ပါဘူး) အကြံမကောင်းရင်ကော . . . (မမြင်နိုင်ပါဘူး) မမြင် နိုင်ဘူးဆိုတော့ သမာဓိရော ပညာရော တွဲပြီးလိုက်သည် . . . (မှန်လှပါ့ဘုရား) ရိပ်မိပြီလား . . . (ရိပ်မိပါဘုရား)။

www.dhammadownload.com



## ပဉ္စဝဂ္ဂီငါးဦး

အဲ့ဒီတော့ ငါဘုရားရှင်သည် ဟောတဲ့တရားဟာ အနတ္တလက္ခဏသုတ်မှာဆိုဆို, ငါးရက်မြောက်ရှိတော့ အနတ္တလက္ခဏသုတ်ဟောတာ . . . (မှန်လှပါ) ဟုတ်ဘူးလား . . . (ဟုတ်ပါတယ်) ပထမနေ့ ဓမ္မစကြာဟောတယ် . . . (မှန်လှပါ) နောက်တစ်ရက်စီပြီးကြတယ်၊ နောက် အနတ္တလက္ခဏသုတ်ဟောတော့ အကုန်ရဟန္တာဖြစ်ကြတယ်၊ ဘယ်သူမှ ဘာမှမလုပ်ရဘူး၊ နဂိုအရင်က ပဉ္စ တပသမားတွေ, ပဉ္စဝဂ္ဂီတွေ, သဘောကျလား, ပဉ္စတပသမားတွေ နဂိုက တရားလွဲမှာစိုးလို့ ဘယ်နံပါတ်ပါလည်း . . . (မပါပါဘူး) မပါဘူးတဲ့ ပဉ္စတပမှာ ဒိဋ္ဌိအယူတွေ ယူနေလို့ကဲ ဒါဖြင့် အနတ္တလက္ခဏသုတ်ဟောတော့ အားလုံး ငါးပါးလုံး ရဟန္တာမဖြစ်ကြဘူးလား (ဖြစ်ပါတယ်)။

ဖြစ်တော့ကို သမထနဲ့ ဝိပဿနာတွဲပြီး ရှုလိုက်ကြတယ်, ရိပ်မိလား . . . (မှန်ပါ) ကဲ-ဒကာဒကာမတွေဘဲ မေးပါ့မယ်, ဆူးကိုကြည့်ရှောင်, ဆူးလေးလှန်းတော့မြင်တယ်, ဒီတော့ခြေထောက်နဲ့သွားလို့ရှိရင် ဒီခြေထောက်နဲ့ပဲ တက်ရမယ်,လျှောက်လှန်းပြီးတော့တက်ရမှာပဲ ဒီဆူးကွေ့သွားမလား တက်နင်းမလားလို့ဆိုရင် မြင်တဲ့ပုဂ္ဂိုလ်မှာဖြင့် ဘယ့်နှယ် ဖြေကြမလဲ . . . (ကွေ့သွားပါမယ်)။

www.dhammadownload.com



ဟုတ်တယ်သတိထားပါဆိုရင် သမထပါနေတယ် . . . (မှန်လှပါ)။ သတိထားတယ် . . . (မှန်ပါ) ပထမမှာ သမထပါနေတယ် . . . (မှန်ပါ)။ သမာဓိကလည်း ဒီဥစ္စာတော့ ဘယ်နည်းနဲ့မဆို လွတ်အောင်ရှောင်နင်းမယ်ဆိုပြီး သူက ဘေးခြေထောက်ကျတယ် . . . (မှန်ပါ) နို့မို့ ဒီပေါ် တည့်တည့်ကျမယ် . . . (မှန်လှပါ) တည့်နေတာကိုက သမာဓိရော မပါဘူးလား . . . (ပါပါတယ်)။ ဝီရိယကလည်း တစ်ခါတည်း အားစိုက်တယ် ဒီနားကြလို့ရှိရင်တော့ ဘယ်နည်းနဲ့မှ ဒီပေါ် ကျအောင် မနင်းဘူး။ . . . (မှန်လှပါဘုရား) အဲ ဝီရိယက အားထုတ်တယ် . . . (မှန်လှပါ) ဒါ့ကြောင့် ဆူးရှိတဲ့ဘက်ကို ရှောင်သွားတယ်, သမာဓိပါနေတယ်, သမာဓိတရား အကုန်မပါဘူးလား . . . (ပါပါတယ်ဘုရား) ရှင်းပြီလား . . . (ရှင်းပါတယ်)။

## သမာဓိနှင့်ပညာ တွဲလျက်ချည်းမှတ်

ဒါဖြင့် ဘယ်အလုပ် လုပ်လုပ် သမာဓိနဲ့ ပညာနဲ့က တွဲလျက်ချည်းမှတ် (မှန်ပါ) အဲ့ဒီမှာ ဘုရားမပွင့်မီတုန်းကတော့ သူ့ကို မထည့်နိုင်ကြလို့ ဒါချည်းဖြစ်နေတယ် . . . (မှန်လှပါဘုရား) ဘုရားမပွင့်မီက သူ့ချည်းဖြစ်ရနေတယ်၊ . .

www.dhammadownload.com



(မှန်ပါ) ဘုရားပွင့်လာတော့ ဘုရားပွင့်တာ အဖြေထွက်တယ်, ရိပ်မိပြီလား . . . (မှန်ပါ)။

ဘုရားမပွင့်တုန်းကတော့ ဒါ ဒီအပျက်ကို မရှုရဘူး . . . (မှန်ပါ) အပျက်ဆိုတာ မဟောနိုင်ဘူး . . . (မှန်ပါ) မဟောနိုင်တော့ ရုပ်, ရုပ်, ရုပ်ရှု၊ နာမ်, နာမ်, နာမ်ရှု , . . (မှန်ပါ) ဒါဘဲရှိတယ် . . . (မှန်ပါ)။ ဟော အပျက်မထည့်ဘူး, အပျက်ဆိုတာ သာမညဉာဏ်နဲ့ မရဘူးဗျ၊ . . . (မှန်ပါ) အခုခင်ဗျားတို့က, သာသနာတွင်းလည်းကြုံ, ဆရာကောင်း, သမားကောင်းလည်းကြုံ ကိုယ့်ဘဝပုဗ္ဗေစကတ ပုညတာဆိုတဲ့ ကောင်းမှုကြီးကလည်း ရှိပြီးသားဖြစ်လို့ လာကြုံလို့ အပျက်နဲ့ သွားတွေ့တာ . . . (မှန်လှပါဘုရား)။

ဘုရားမပွင့်လို့ရှိရင် ဒါ ဒါနှစ်ခုရှိတယ် . . . (မှန်လှပါဘုရား) ဒီသုံးခုမရှိဘူး . . . (မှန်လှပါ) ဒါကြောင့် သာသနာပတရားဆိုတာ ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား) ရိပ်မိလား . . . (မှန်ပါ) သာသနာပတရားဆိုတာ ဦးဝင်းတို့ နာစရာမလိုဘူး . . . (မှန်လှပါဘုရား) လိုသေးလား (မလိုပါဘူး)။

## ဝေဒိဋ္ဌ–ရသေ့ကြီး

ဝေဒိဋ္ဌ-ရသေ့ကြီးဟာ သုဒ္ဓေါဒနမင်းကြီးတို့ အိမ်မှာ

www.dhammadownload.com



နေ့တိုင်းဆွမ်းစားတယ်, ကောင်းကင်ပျံတဲ့ ရသေ့ဆံရာကြီး၊ . . . (မှန်လှပါ) ဟုတ်ဘူးလား . . . (မှန်လှပါ) ဒေဝီဠရသေ့ကြီးဟာလေ. . . (မှန်လှပါဘုရား) အဲ့ဒါဘာနဲ့ ကောင်းကင်ပျံနေသတုန်း မေးရင် ဘယ့်နှယ်ပြောကြမလဲ (သမထ) ဟောဒါမပါတာနဲ့ သူ့ခမျာများ ဒီဘဝနိဗ္ဗာန်ရ-ရမှာ, တိဟိတ်အစစ်၊ . . . (မှန်လှပါ) ဒီနှစ်ခု မပါတာနဲ့ မရလိုက်တာ, နာလိုက်တာ (မှန်လှပါဘုရား) ဘယ်လောက်ကြောက်စရာကောင်းလဲ. . . (ကြောက်စရာကောင်းပါတယ်)။

အဲ့ဒါကြောင့်တဲ့ ဘုရားလောင်းနဲ့ တွေ့တဲ့အခါကျတော့ ဘုရားလောင်းလေးကို ရှိခိုးခိုင်းလိုက်သတဲ့ ဘုရားလောင်းကလေးက ရှိမခိုးနိုင်ဘူးတဲ့ သူရှိခိုးစရာလူတစ်ယောက်မှမရှိဘူး . . . (မှန်ပါ) ဒါနဲ့ ကလေးလေးကြည့်ပြီး ငိုလဲငိုတယ် ရယ်လဲရယ်တယ်ဆိုတာဒါပဲ ငိုတာကဘုရားဖြစ်မှာ သေချာတယ်ဆိုတာကိုလည်း သူသိတယ်. . . (မှန်လှပါဘုရား)၊

သို့သော် သူ့မှာဘုရားပွင့်မှ ဒါ အနိစ္စ, ဒုက္ခသစ္စာဟောနိုင်မှာကိုး (မှန်လှပါ)။

အဲ့ဒါ သူက. . . မမှီလိုက်တော့ဘူးတဲ့. . ., ဘုရားဖြစ်ဖို့ရာက နှစ်ပေါင်းသုံးဆယ်ကြာမှ သူ ဘုရားဖြစ်မယ်,

www.dhammadownload.com



သူက မကြာခင်သေရတော့မယ်ဆိုတော့ သူ့ဟာသူကြံနိုင်တဲ့ သဘောလား၊ မကြံနိုင်တဲ့သဘောလား အနိစ္စက . . . (မကြံနိုင်တဲ့သဘောပါဘုရား) အဲ့ဒါနဲ့ စုတိစိတ်ကျတယ် . . . (မှန်လှပါဘုရား) ကြောက်စရာမကောင်းဘူးလား . . . (ကောင်းပါတယ်)။

ဒါက သာသနာတွင်းတရား . . . (မှန်လှပါ) သူက သာသနာတွင်းတရား (မှန်လှပါဘုရား) သူကဘာတုန်း . . . (သာသနာတွင်းတရားပါဘုရား) ရိပ်မိပြီလား . . . (ရိပ်မိပါဘုရား) အဲ့ဒီတော့ သာသနာပတရားကို သိပ်အပင်ပန်းခံလုပ်နေလို့ရှိရင် ခင်ဗျားတို့ နောက်တုန်းကလဲ ဒီလိုနေသွားမှာဘဲ . . . (မှန်လှပါ) ဟုတ်ဘူးလား . . . (မှန်လှပါဘုရား)။

ရှင်းရှင်းနဲ့ ဘွင်းဘွင်းပြောကြပါစို့ဆိုလို့ရှိရင် ဇာမ္ဘာပျက်တိုင်း ကြုံရတယ် ကျုပ်တို့ဖြစ်ခဲ့တယ် . . . (မှန်လှပါ) ဒီသုံးခု ကမ္ဘာပျက်တိုင်းပျက်တိုင်း၊ ကမ္ဘာပျက်တော့မယ်ဆို လောကဗျူဟာနတ်က အော်ပြီဘဲ . . . (မှန်လှပါ) မျက်ရည်တွေကျ၊ ပန်းတွေ အနီတွေပန် ဆံပင်တွဲလဲချ၊ ပူပုံပန်းပေါ့ဗျာ . . . (မှန်လှပါ) နောက်အနှစ်တစ်သိန်းရှိလို့ရှိရင် ကမ္ဘာပျက်လိမ့်မယ်၊ အားလုံး မေတ္တာ၊ ကရုဏာ၊ မုဒိတာ ဗြဟ္မာ ဝိဟာရတရားပွားကြပါ လိုက်အော်နေတယ် . . . (မှန်လှပါဘုရား)။

အဲ့ဒီတော့ကမ္ဘာပျက်တယ်ဆိုတာဟာ အက်တောမစ်

www.dhammadownload.com



ထက်ဆိုးတယ် ဘယ်သူမှ ကျန်မှာမဟုတ်ဘူး . . . (မှန်လှပါ) သစ်ပင်တောင်မကျန်ဘူး လူတွေလဲ မကျန်ဘူး (မှပါ) အဲ့ဒါ လန့်ပြီး တစ်ယောက်နဲ့တစ်ယောက် မေတ္တာထား, ကရုဏာ ထားဆိုတော့ မေတ္တာသမထတွေ လုပ်ကြတာပေါ့ဗျာ . . . (မှန်လှပါဘုရား)။

## မေတ္တာပို့တယ်ဆိုတာ

ဥပမာ ဘုန်းကြီးက ဒီဒကာကြီးတွေမြင်လို့ အင်း-ကျန်းမာပါစေ, ချမ်းသာပါစေ, အကုန်မေတ္တာပို့နေကြတာပဲ အဲ့ဒီတော့ မေတ္တာပို့ဆိုတာက, ဒီဒကာမကြီးဆီ ပို့တယ်ဆို ဒီဒကာမကြီး အထည်မပျောက်ရဘူးဗျ. . . (မှန်လှပါ) အနိစ္စ မရောက်ရဘူး . . . (မှန်လှပါ) အထည်ပျောက် မေတ္တာပို့လို့ ဖြစ်ပါ့မလား . . . (မဖြစ်ပါဘူး) သူချမ်းသာပါစေ, ဒီမိန်းမ ချမ်းသာပါစေ, ဒီယောက်ျားချမ်းသာပါစေ, အထည်အာရုံ ပြုတာ၊ . . (မှန်လှပါ) ဒါ့ကြောင့် နိဗ္ဗာန်မရောက်တာ . . . (မှန်လှပါဘုရား) ရိပ်မိပြီလား . . . (ရိပ်မိပါပြီဘုရား)အထည် အာရုံပြုနေတာ အထည်ကို ဖျက်ပစ်ရမှာ ဝိပဿနာက . . . (မှန်လှပါဘုရား) အထည်မရှိဘူး, နဂိုကမှ အထည်မှ မရှိဘဲ အဲ့ဒါ ရှင်းကြလား . . . (ရှင်းပါတယ်)။

သမထက ဘာကိုငဲ့လည်း အထည်ကိုငဲ့တယ် . . .

www.dhammadownload.com



(မှန်လှပါဘုရား)။ ဝိပဿနာက အထည်ပျောက်အောင် ရှုရတယ် . . . (မှန်လှပါ) အထည်ပျောက်အောင်ရှုမှ တဏှာက သေတယ် အထည်ရှိရင် တဏှာက ခင်တာဘဲ . . . (မှန်လှပါဘုရား) မခင်ပေဘူးလား . . . (ခင်ပါတယ် ဘုရား)။ သို့သော် အဲ့ဒီတဏှာ ခင်တဲ့တဏှာနဲ့ ဘာပြုလို့ သူစျာန်ရသွားတုန်းလို့ဆိုတော့ သူငုတ်နေတဲ့အချိန်ရတယ်, သမထက လွှမ်းကဲနေလို့ (မှန်ပါ)။

သူငုတ်နေတယ် . . . (မှန်ပါ) ငုတ်နေတယ်, ငုတ်ရင်းမတ်တတ်နဲ့ သမထ အရှိန်ကုန်တဲ့အခါကျတော့ သူပေါ်လာတယ် . . . (မှန်လှပါ) သမထက ပျောက်သွားရော . . . (ပျောက်ပါတယ်) ဝိပဿနာကော . . . (ပျောက်ပါတယ်)။ ဝိပဿနာက အနုသယ ဝမ်းထဲကဟာပါ ပျောက်တယ် . . . (မှန်ပါ) ဒါ နောက်ထပ် ဘယ်တော့မှ မပေါ်ဘူး . . . (မှန်လှပါ)။ ရိပ်မိပြီလား. . . (ရိပ်မိပါပြီဘုရား)။

ဟို-ခင်ဗျားတို့ ဇာတ်ထုပ်တွေ ဘာတွေ လျှောက်ကြည့်တော့ စျာန်လျှောတယ်ဆိုတာ . . . ငုတ်နေတာလေး ထလာတော့ . . . (မှန်ပါ) ဖုံးဖုံးလဲတယ် . . . (မှန်ပါ) သူ ယူတင်ထားတဲ့ သတိလေးက ငုတ်နေတာလေး ပေါ်လာတော့ တခါတည်း ဖုံးဖုံးလဲတယ် ရိပ်မိပြီလား . . . (ရိပ်မိပါ ဘုရား)။

www.dhammadownload.com



## သမထကို အားမသန်ကြနဲ့

ရှေ့က ရဟန်းတစ်ပါး ကောင်းကင်ပျံလာတယ်၊ သမထက ချောန်ပျံတယ်၊ ဒီသမထက စည်းပေါက်နေတော့ ကောင်းကင်ပျံလာတော့၊ အောက်မှာ ဒကာမတစ်ယောက်က မုန့်ကြော်နေတော့ ဒါဟာ ဒကာမပါဘဲဆိုပြီးသကာလ သူ့စိတ်ထဲ နည်းနည်းသာယာမိတယ်၊ ဝုန်းဆို သူတည့်တည့် ကျတယ် . . . (မှန်ပါ) အထိမခံဘူး . . . (မှန်လှပါ)။ ကဲ အထိခံရဲ့လား . . . (မခံပါဘူးဘုရား) ဖျတ်ဆို အနုသယ လေး ထလာတယ်ဆိုရင် အောက်ဝုန်းခနဲကျတယ် . . . (မှန်လှပါဘုရား) ကြောက်စရာ မကောင်းဘူးလား . . . (ကောင်းပါတယ်ဘုရား)။

အဲ့ဒီမှ ဒကာမက လင်းတကြီးကျလာတယ်မှတ်တယ် တောင်းကင်က ကျတာကိုး . . . (မှန်လှပါဘုရား) အဲ့ဒီ မုန့် ကြော်တဲ့ဒုတ်နဲ့ လိုက်ရိုက်တယ် ရိုက်တော့မှ သူပထဝီ၊ ပထဝီ ပထဝီဆိုပြီးတော့ ပထဝီကမ္မဋ္ဌာန်းစီးဖြန်းလို့ ပျံတက်ရတယ်၊ (မှန်လှပါဘုရား) ရိုက်တော့ မရိုက်မိသေးဘူး၊ တော်သေးရဲ့ ပေါ့ဗျာ . . . သမထမမြဲပုံ ပြောပါတယ် မဆိုးဝါးဘူးလား . . . (ဆိုးဝါးပါတယ်)။

ဒါ့ကြောင့် သမထကို အားမသန်ကြနဲ့ . . (မှန်လှ ပါဘုရား) ရိပ်မိလား (ရိပ်မိပါဘုရား) ဒီတွဲဘက် . . . (မှန်

www.dhammadownload.com



လှပါဘုရား) တွဲဘက် ဒါက ပညာမဂ္ဂင် (မှန်ပါ) ဒါက သမထ မဂ္ဂင် . . . (မှန်ပါ) မဂ္ဂင်ငါးပါးနဲ့ အလုပ်လုပ်ပါ ဒီကျတော့ မဂ္ဂင်ရှစ်ပါးစုံပါလိမ့်မယ်၊ ဒီမုန်းတုန်းကလဲ ခင်ဗျားကမှတ် ဖြစ်ပျက်မြင်တာကလည်း ငါးပါးနဲ့ မြင်တယ်၊ . . . (မှန်ပါ) မုန်းတော့ကော . . . (ငါးပါး) ဆုံးတော့ကော (ငါးပါး) အင်း ရှစ်ပါး၊ ဆုံးရင်ရှစ်ပါး၊ . . . (မှန်ပါ) ဆုံးရင်ရှစ်ပါး . . . (မှန်ပါ)။ သီလမဂ္ဂင်လုံသွားပြီ . . . (မှန်ပါ) သဘောကျလား . . . (ကျပါတယ်ဘုရား) ဒီလို ထူးတယ်မဟုတ်လား ကဲဉာဏ် စဉ်ကကို မထူးဘူးလား . . . (ထူးပါတယ်) ကဲ ဦးဘဦး ကျေ နပ်ပြီလား . . . (ကျေနပ်ပါတယ်ဘုရား)။

အင်မတန်အရေးကြီးတယ် ဒီဥစ္စာအတွက် စိပ် အောင် ပြောတော့ကို ဒီပြင်နေရာမှာ ခင်ဗျားတို့ ကြားရင် ကြားမယ် အင်း အရေးကြုံတဲ့အခါ မင်းလုပ်သာလုပ်, လုပ် တော့ ရလိမ့်မယ်လို့သာ ပြောလိမ့်မယ်၊ . . . (မဟုတ်ဘူး) သူဟာသူလဲ မဟုတ်ဘူး ဘယ်အချိန်လုပ်တုန်းက မဂ္ဂင် ဘယ်နှစ်ပါး . . . (မှန်လှပါ) ဘယ်အချိန်ကျရင် မဂ္ဂင်ဘယ် နှစ်ပါး . . . (မှန်လှပါ) အခုဟာက ထင်ရှားလာတယ် . . . (မှန်လှပါဘုရား) ရိပ်မိပြီလား . . . (ရိပ်မိပါဘုရား)။

ဒါဖြင့် ဖြစ်ပျက်မြင်တုန်းကဒကာဒကာမတွေ သမာဓိ မဂ္ဂင်နဲ့ ပညာမဂ္ဂင်၊ သီလမဂ္ဂင်မပါဘဲနဲ့ ပညာမဂ္ဂင်နဲ့ သမာဓိ

www.dhammadownload.com



မဂ္ဂင်ဘဲပါတယ်. . . (မှန်လှပါ)။ ဖြစ်ပျက်မြင်နေတုန်းက. . (မှန်လှပါ)။ ရိပ်မိပြီလား. . . (ရိပ်မိပါဘုရား)။ နောက် ဖြစ်ပျက်ကို ရှုပါများတော့ကို ဦးသာဒင် မုန်းလာတယ် ဘယ်နှစ်ပါးတုန်း. . . (ငါးပါးပါဘုရား)။ ငါးပါးမို့ပေါ့ဗျ၊ သီလမှာ မလုံသေးဘူးလေ. . . (မှန်လှပါ)။ ဖောက်ပြန်ခိုင်းဦးမယ်၊ (မှန်လှပါ) သဘောကျလား. . . (ကျပါဘုရား)။

နောက်မလိုချင်တဲ့ဉာဏ် နိဗ္ဗိန္ဒန္တော ဝိရဇ္ဇတိ ကျတော့မှ တပ်ခြင်းကင်းတဲ့အထဲမှာ တဏှာသေသွားတော့မှ သူက ဝင်တာဗျ, သီလက. . . (မှန်လှပါ)။ နို့မို့မဝင်ဘူးသူက. . . (မှန်လှပါ)။ ရိပ်မိပြီလား. . . (ရိပ်မိပါတယ်ဘုရား)။ သီလ ဟာ ဒါဖြင့် ခင်ဗျားတို့ ဆောက်တည်နေတဲ့ သီလဟာ, ဆောက်တည်တုန်းလောက်သာ, သူကရတာ. . . (မှန်လှပါ) နောင်အကြောင်းကိစ္စရှိလာတဲ့အခါကြ ဖေါက်ပြန်တာ. . (မှန်လှပါ) ဟင် ထမင်းဆာတယ်ကွာ, လေနာထတယ်ကွာ, ဒါနဲ့ သေလိမ့်မယ်ကွာဆိုတော့, ဆန်ပြုတ်လေး သောက်လိုက်ပါဦးဆိုတော့ အို မတတ်နိုင်ဘူး သောက်လိုက်မှာဘဲ (ရယ်ကြသည်)။

## အရိယာကျမှအမြဲတန်းသီလ

အရိယာကျတော့ ဒါကိုသီလက အမြဲတန်းသီလ

www.dhammadownload.com



ဖြစ်သွားတယ်ဆို အသေခံတယ် မသောက်ဘူး. . . (မှန်လှပါ)။ ရိပ်မိပြီလား. . . (ရိပ်မိပါဘုရား)။ ဒါဖြင့် ဦးစံရီ တို့ ရှင်းကြပြီလား. . . (မှန်လှပါ)။ ရှင်းပြီ၊ ကောင်းပြီ ဒီနေ့ တရားကတော့ နက်လိမ့်မယ်တဲ့ ဒီထဲမှာ လေးပါးဝင်တယ်လို့ ပြော, ဉာဏ်လေးပါဝင်တယ်၊ (မှန်လှပါဘုရား)။ ယထာဘူတ ဉာဏ်ထဲမှာ ဘယ်နှစ်ပါးတုန်း. . . (လေးပါးပါ)။ နိဗ္ဗိန္ဒာဉာဏ်ထဲမှာ. ... (ငါးပါးပါ)။ အေး ငါးပါးဝင်တယ်, မဂ်ဉာဏ်ထဲမှာ ဆိုလို့ရှိရင်ဖြင့်တဲ့, သုံးဉာဏ်ဝင်လာတယ်, ဒီထဲမှာ သုံးဉာဏ်ပါတယ် ရှင်းကြလား. . . (ရှင်းပါတယ်ဘုရား)။

ကောင်းပြီ-ဒီဖြစ်ပျက်ကလေးတွေကို ဒကာ, ဒကာမတွေကရှုနေ, စိတ်ကလေးပေါ်လာလဲ အင်း-နောက်က ဉာဏ်နဲ့လိုက်လိုက်, အပျက်ကလေးဘဲ တွေ့မယ်, နောက်က ဉာဏ်နဲ့လိုက်လိုက်တာဘဲတွေ့ကြလဲ. . . (အပျက်ကလေးဘဲ တွေ့ပါမယ်)။ အပျက်ကလေးကလွဲ့ ဘာတွေ့စရာရှိလဲ. . (ဘာမှတွေ့စရာမရှိပါဘုရား)။ ကောင်းပြီ ဉာဏ်လိုက်လာတာ ဟိုကကော ရှိသေးရဲ့လား. ... (မရှိပါဘုရား)။ ရှိတယ်ဆိုရင် တစ်ယောက်တည်းနဲ့, နှစ်ခုဖြစ်တယ်ဆိုတဲ့ အဓိပ္ပါယ် ရောက်တယ်. . . (မှန်လှပါဘုရား) နှစ်ခုဘယ်တော့မှ မဖြစ်ရဘူး. . . (မှန်လှပါဘုရား)။ တစ်ခုဖြစ်ပြီးမှ ဘာဖြစ်ရမလဲ

www.dhammadownload.com



. . . (တစ်ခုပေါ်ရပါမယ်)။ တစ်ခုပေါ်ရမယ်. . . (မှန်လှ ပါ)။

ဒါဖြင့် ဉာဏ်ပေါ်တဲ့အချိန်မှာ သူမရှိတော့ဘူး. . . (မှန်လှပါဘုရား)။ ဒါမရှိတော့ဘူး. . . (မှန်လှပါ)။ သဘော ကျလား. . . (ကျပါဘုရား)။ ပျက်တာလေးကိုသိ. . . (မှန်လှပါ)။ ပျက်သွားပြီလို့သိ. . . (မှန်လှပါ)။ ရိပ်မိကြ လား. . . (ရိပ်မိပါဘုရား)။ နားလည်ပြီနော်. . . (မှန်လှပါ ဘုရား)။ ပျက်သွားပြီလို့သိတော့ ဦးစံရီ ဒီမှာတင် ဘာပါတုံး ဆိုလို့ရှိရင် ဒီထဲမှာ အင်း နာမ်ဖြင့်လည်းနာမ်, ရုပ်ဖြင့်လည်း ရုပ်ဆိုတော့ နာမ်ရုပ်ကိုသိတဲ့ဉာဏ်ဟာ ဒီထဲဝင်နေ ဒီထဲ ယထာဘူတဉာဏ်ထဲမှာ. . . (မှန်လှပါ)။

ဒါ ယထာဘူတဉာဏ်ထားပါတော့. . . (မှန်လှပါ) ဒါယထာဘူတဉာဏ်နော်. . . (မှန်လှပါ)။ အဲ့ဒီတော့ ယထာဘူတဉာဏ်ထဲမှာတဲ့ နာမ်လို့လည်း သိတာလေးကလည်း နာမရူပ ပရိစ္ဆေဒဉာဏ်ကလည်း သူ့ထဲဝင်နေတာကွတဲ့၊ (မှန်လှပါဘုရား)။ အကြောင်းကြောင့်ဖြစ်တဲ့ အကျိုးဆိုတာ လေးလည်း ခင်ဗျားတို့သိပြီးသား. . . (မှန်လှပါ)။ ဒီနာမ် လေးဟာ အာရုံထဲက ဖြစ်တယ်ဆိုတာ သိပြီးသား. . . (မှန်လှပါ)။ အဲ့ဒီတော့ ပစ္စယပရိဂ္ဂဟဉာဏ်ထဲပါနေ. . . (မှန်လှပါ)။

www.dhammadownload.com



## အပျက်မြင်ရင်လေးဉာဏ်ပါတယ်

ဒါလေး သုံးသပ်တယ်ဆိုတော့ ဉာဏ်နဲ့လှည့်ပြီး သုံးသပ်တော့, သုံးသပ်တဲ့ဉာဏ်လဲ မပါဘူးလား. . . (ပါပါတယ်ဘုရား)။ ဒါလေးဟာဖြစ်ပြီး ပျက်တာဘဲလို့ကော မသိဘူးလား. . . (သိပါတယ်)။ အင်း-ဒီထဲမယ်လေးပါးပါတယ် (မှန်လှပါ)။ နာမရူပ ပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်, သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ် ဒီထဲပါနေတယ်, ဒီထဲပါသွားပြီ. . . (မှန်လှပါ)။ လေးဉာဏ်ပါတယ်. . . (မှန်လှပါ)။ ဒါဖြင့် ဒီဉာဏ်တစ်ခုတည်းလုပ်, ခင်ဗျားတို့ အပျက်သာမြင်အောင်ကြည့်နေ, ဘယ်နှစ်ဉာဏ်ပါသွားတုန်း၊ (လေးဉာဏ်ပါသွားပါတယ်ဘုရား)။

ဒါ အားထုတ်ရမှာလားတဲ့, ဒီထဲအတွင်းဝင်သွားလား (ဒီထဲအတွင်းဝင်သွားတာပါ)။ အတွင်းဝင်သွားတဲ့ဥစ္စာ စာကိုတန်းရေးနေဟော့ ဩော် - စာရေးတဲ့ဆရာနောက်, ကျုပ်တို့အလုပ်သမားက လိုက်နေတယ်. . . (မှန်လှပါ)။ စာက ဒီလိုရေးလို့ဒီလို အစဉ်အတိုင်း တက်ရမယ် ဖြစ်နေတယ်၊ (မှန်လှပါ)။ ဟိုကအတွင်းဝင်သွားတာကို ရေးတယ်. . (မှန်လှပါ)။ ဒီသုံးခုသည်ကား ဆိုလို့ရှိရင် ဟောဒီတစ်ဉာဏ် လုပ်လိုက်လို့ရှိရင်ဖြင့် ဟောဒီသဘောလက္ခဏာတွေ အကုန်ပါသွားတယ်. . . (မှန်လှပါ)။ ဒါပြောတာ အဲ့ဒါကိုနောက်

www.dhammadownload.com



လူတွေကဘယ့်နှယ်ဖြစ်နေတုန်းဆို ဒီအစဉ်အတိုင်း တက်ရမယ်ဖြစ်နေတာကိုးကြာနေတာပေါ့. . . (မှန်လှပါ)။

လေးခုဆင့်တက်ရမယ်ဆိုတော့ ဦးစံရီ ဘယ့်နှယ်နေတယ်, ကြာနေတယ်၊ (ကြာနေပါတယ်)။ ဘုရားဟောတော်မူတာလို့ ရိပ်မိပြီလား. . . (မှန်ပါ) ဒီဉာဏ်ထဲမှာ, ဒီဉာဏ်ဘဲကွ. . . (မှန်လှပါ) နောက်မှ ဒီဉာဏ်ထဲမှာ ဒီလေးခု, ဒီဉာဏ်တစ်ခုရှုလိုက်ရင်, ဒီလေးခု ကိုစွဲပြီးသွားတယ်. . . (မှန်လှပါ)။ သဘောကျလား. . . (ကျပါတယ်)။

## ယထာဘူတဉာဏ်ထဲဉာဏ်လေးမျိုးဝင်တယ်

ယထာဘူတဉာဏ်ထဲမှာ ဉာဏ်ဘယ်နှစ်မျိုးဝင်သွားသလဲ. . . (လေးမျိုးပါ)။ အေး-နာမရူပပရိစ္ဆေဒဉာဏ်, ပစ္စယပရိဂ္ဂဟဉာဏ်, သမ္မသနဉာဏ်, ဥဒယဗ္ဗယဉာဏ်, (မှန်လှပါ)။ ဖြစ်ပျက်မြင်တဲ့အထဲ အကုန်ပါသွားတာပေါ့. . . (ပါသွားပါတယ်ဘုရား)။

ဖြစ်ပျက်က ဒါဖြင့် ဘယ်သူ့ဖြစ်ပျက်တုန်း မေးလို့ရှိရင် နာမ်, နာမ်ရှုတဲ့လူက, နာမ်ပြောမှာဘဲ. . . (မှန်လှပါ)။ ဟုတ်ဘူးလား. . . (မှန်ပါ)။ အဲ့ဒီတော့ နာမရူပပရိစ္ဆေဒဉာဏ် ပါမသွားဘူးလား. . . (ပါသွားပါတယ်ဘုရား)။ ဒီဉာဏ်ဟာ ခုမှပေါ်တာလား အရင်က ပေါ်တာလား, ခုမှ

www.dhammadownload.com



ပေါ်တာဆိုတော့ ဒီအကြောင်း သိနေပြီ (မှန်လှပါဘုရား)။ ဟုတ်ဘူးလား. . . (မှန်လှပါ)။ ဒီဉာဏ်ကို မသုံးသပ်ပဲနဲ့ လည်း ခင်ဗျားတို့ သုံးသပ်တဲ့ဉာဏ်ဟာလည်း ပါပြီးသားပဲ မနေပေဘူးလား. . . (ပါသွားပါတယ်ဘုရား)။

## ဘုရားကသုံးဉာဏ်ပဲဖော်ဟာတယ်

ကြည့်လိုက်တဲ့အခါလည်း ပျက်သွားပြီဆိုတည်းက, အင်း-ဖြစ်ပြီးလို့ ပျက်တာဘဲဆိုတာကော. . . (ပါပါဘုရား)။ အင်း ဒါကြောင့်လေးခုပါသွားပြီ. . . (မှန်ပါ)။ အဋ္ဌကထာ ဆရာ, နောက်မှလိုက်ရေးရတဲ့ဆရာက ဘုရားနောက်ကို. . . (မှန်လှပါ)။ ဘုရားကတော့ ဒါဘဲပြတယ်, ငါထားတာတဲ့, ရိပ်မိပြီလား. . . (ရိပ်မိပါဘုရား)။ ဘုရားက ဘယ်နှဉာဏ် တုန်း. . . (လေးဉာဏ်ပါဘုရား)။ သုံးဉာဏ်ပါ။ (မှန်လှပါ)။

ဟိုထဲ ပါသွားလိမ့်မယ်, ဘုရားကသုံးဉာဏ်ပဲ ဟောတယ်. . . (မှန်လှပါ)။ ဟင်. . . (မှန်ပါ)။ ဘုရားက သုံးဉာဏ်ဘဲ ဟောတယ်တဲ့, ကိုင်း ဒါဖြင့်, ဒီထဲသုံးဉာဏ်ပါ သွားတော့ ဟော နိဗ္ဗိန္ဒဉာဏ်ထဲမှာ သူနှင့်တကွ ငါးဉာဏ် ပါတယ်, ဘာလဲဆိုတော့ ဥဒယ, ဘယပြီးတော့ ဘင်ဆိုတာ လည်း ပျက်လို့မုန်းတာဗျ. . . (မှန်ပါ)။ အလကားခိုင်းတာလား ဦးစံရီ. . . (ပျက်လို့မုန်းတာပါဘုရား)။ ဘင်ပါမသွားသေး

www.dhammadownload.com



ဘူးလား. . . (ပါပါတယ်ဘုရား)။ မပါသေးဘူးလား. . . (ပါပါတယ်ဘုရား)။ သဘောအားဖြင့်ကို ပါသွားပြီ. . . (မှန်လှပါ)။

ဘယ်သူမှတွေးမနေနဲ့တော့. . . (မှန်လှပါ)။ ဘာဖြစ်လို့မုန်းတာတုန်းမေးရင်လည်း ဦးဝင်းအဖြေထွက်မယ် (မှန်ပါ)။ ပျက်လို့မုန်းတာ. . . (မှန်လှပါဘုရား)။ ဘင်္ဂမပါသေးဘူးလားဗျ. . . (ပါပါတယ်ဘုရား)။ ပျက်တာကလည်း ဘာဖြစ်လို့ ပျက်ရတာတုန်းဗျ, အို ဖျက်ဆီးတဲ့တရားက ဖျက်ဆီးလိုက်လို့ ဘေးသင့်ပျက်တာ, ဟော ဘယဉာဏ်ပါနေတယ်. . . (မှန်လှပါ)။ ဘေးသင့်လို့ပျက်တာ မပါသေးဘူးလားဗျ. . . (ပါပါတယ်ဘုရား)။

အဲ့ဒါတွေကို တစ်ခါဉာဏ်စဉ်လိုက်နေရင် မခက်ဘူးလားလို့, ကြာနေမှာပေါ့. . . (မှန်လှပါ)။ အာဒီနဝ- ဩဘ်ဒီအပျက်ကြီးမြင်ရတာ အပြစ်သင့်နေတာဘဲဆိုတာကို ဦးစံရီ ပြောဖို့လိုသေးလား. . . (မလိုပါဘူးဘုရား)။ ဒါချည်းမြင်, ငြီးငွေ့မှာဘဲပေါ့. . . (မှန်လှပါ)။ ငြီးငွေ့တာဘဲ ဟုတ်လား, ငြီးငွေ့ပြီးတော့ကော ငြီးငွေ့ရုံနဲ့လဲ မလွှဲသာမရှောင်သာဖြစ်တော့ ပေကြည့်နေရမှာဘဲဆိုတော့ သင်္ခါရုပေက္ခာဉာဏ်တွေကော ဒါ ပါမလာဘူးလား. . . (ပါလာပါတယ်)။

www.dhammadownload.com



## နိဗ္ဗိန္ဒဉာဏ် ထဲ ခြောက်ခုပါသွားတယ်။

အဲ့ဒါကြောင့် သူ့ထဲမှာ ခင်ဗျားတို့ ဘယ, အာဒီနဝ, နိဗ္ဗိန္ဒ, မုစ္စိတုကမျတာဉာဏ်, ပဋိသင်္ခါဉာဏ်, သင်္ခါရုပေက္ခာဉာဏ်ကွ, ခြောက်ခုတစ်ခါတည်းပါသွားတယ်, ဒီထဲမှ နိဗ္ဗိန္ဒထဲမှာ ခြောက်ခုပါသွားတယ်, ရိပ်မိပြီလား . . . (မှန်ပါ)။ နိဗ္ဗိန္ဒထဲ ခြောက်ခုပါသွားတော့ ခုနကလေးခုနဲ့ပေါင်းတော့ တစ်ဆယ်မနေဘူးလား (မှန်ပါ)။ ရှင်းပြီလား . . . (ရှင်းပါဘုရား)။ တစ်ဆယ်ပါသွားပြီနော် . . . (မှန်ပါ)။

ကောင်းပြီ, ကောင်းပြီ နိဗ္ဗိန္ဒန္တော-ငြီးငွေ့ပြီးသည်ရှိသော်။ ဝိရဇ္ဇတိ၊ မလိုချင်တဲ့မဂ်ပေါ်၏ . . . (မှန်ပါ)၊ မလာဘူးလား . . . (လာပါတယ်)။ ဒါက ဦးဝင်းတို့ရတဲ့ပါဠိ (မှန်ပါ)၊ ဝိရဇ္ဇတိ-မလာဘူးလား (လာပါတယ်) ဗိရဇ္ဇတိက မဂ်ပဲတဲ့. . . (မှန်လှပါဘုရား)။ အဲ့ဒီမဂ်ဉာဏ်ပေါ်ပါတယ်ဆိုကတည်းကိုက မဂ်ဉာဏ်ပေါ်တယ်ဆိုထဲက မဂ်ရှေ့ကဟာတွေက မဂ်ကို မဂ္ဂ ဝီထိထဲအပါအဝင်ဖြစ်နေတော့ အနုလုံတို့, ဂေါတြဘူတို့, မဂ်တို့ဆိုတာက ဒါမပါဘဲဖြစ်ပါ့မလား . . . (မဖြစ်ပါဘူး)။

မဂ္ဂဝီထိကျနေတော့ကော သူတို့ရှေ့ကမလာရပေဘူးလား. . (လာရပါတယ်)။ သူတို့ချည်းလာစမ်းပါဆိုတော့ လာဖြစ်ရဲ့လား . . . (မလာပါဘူး)။ မဂ်ပေါ်မလို့

www.dhammadownload.com



လာတာဖြစ်နေတော့ ရှင်ဘုရင်ထွက်မယ်လို့ ရှေ့တော်ပြေး လာတာ (မှန်ပါ)။ ရှင်ဘုရင်က အမိန့်လွှတ်လိုက်တာ. . . (မှန်လှပါ)။ မင်းတို့ ရှေ့ကလမ်းရှင်းနှင့် . . . (မှန်လှပါ) ရိပ်မိပြီလား. . . (ရိပ်မိပါဘုရား)။

## မဂ်ဉာဏ်ထဲငါးခုပါတယ်

အဲ့ဒီတော့ မဂ်ပေါ်မယ်ဆိုတော့လာတဲ့ဉာဏ်. . . (မှန်လှပါ) ဂေါတြဘူဉာဏ်တို့ အနုလောမဉာဏ်, ဂေါတြဘူ ဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ပစ္စဝေက္ခဏာဉာဏ်, . . . (မှန်လှပါ)။ ဒါ ဒီမဂ်ထဲ မဂ်၏အခြံအရံချည်းမှတ်. . . (မှန် လှပါ)။ ရိပ်မိပြီလား . . . (ရိပ်မိပါဘုရား)။ အဲ့ဒီတော့ ဒီထဲမှာ အနုလောမဉာဏ်, ဂေါတြဘူဉာဏ်, သူကမဂ်ဉာဏ်, ပြီးတော့ဖိုလ်ဉာဏ်, ပစ္စဝေက္ခဏာဉာဏ်, ငါးခုပါ မသွားဘူး လား . . . (ပါသွားပါတယ်ဘုရား)။ ကုန်ရောပေါ့ဗျာ. . . (မှန်လှပါ)။ မကုန်သေးဘူးလား. . . (ကုန်ပါတယ်ဘုရား)။ ရှင်းပြီလား . . . (ရှင်းပါဘုရား)။

## ဆာခိုက်းနေလို့ရှည်တာ

ကဲဒါဖြင့် ဒကာ ဒကာမတို့ ခင်ဗျားတို့ အခုအားလုံး ဟောနေကြတဲ့ ဉာဏ်တွေဟာ ဒီထဲမှာ ဘုရားကတော့ ဒီသုံးခု

www.dhammadownload.com



ဘဲ တိုက်ရိုက်ဟောခဲ့တယ်. . . (မှန်လှပါ) တစ်ခုလုပ်လို့ရှိရင် ဆိုင်ရာလေးခုပါတယ်, ဒီတစ်ခုလုပ်လို့ရှိရင် ဆိုင်ရာခြောက်ခုလောက်ပါတယ်. . . (မှန်ပါ)။ ဒီတစ်ခုလုပ်လိုက်လို့ရှိရင် ဆိုင်ရာငါးခုအကုန်ပါသွားတယ်. . . (မှန်လှပါ)။ အဲ့ဒါ စာစီကုံးနေလို့ရှုပ်နေတာ အလုပ်တစ်ခုထဲပါသွားတယ်၊ သဘောကျလား. . . (ကျပါဘုရား)။

ဥပမာ ဘုရားက ဆွဲလိုက်ပါတဲ့ သစ်တုံးကြီးကို လွှနဲ့ဆွဲလိုက် သစ်တုံးကြီး နှစ်ခြမ်းခွဲဖို့လည်း ဒီလွှပဲ, ဒီနှစ်ခုဖြစ်သွားတယ်. . . (မှန်လှပါ)။ လွှစာကျဖို့ကော (ဒီလွှပဲ) ဒီလွှဲပဲ မနေပေဘူးလား၊ ဒီပြင်အသုံးတည့်တဲ့နေရာသုံးဖို့ကော (ဒီလွှပါပဲ)။ ဒီလွှတစ်ခုတည်းက ကိစ္စဘယ်နှစ်ခုဆောင်ရွက်သတုံးမေးရင် ဘယ့်နှယ်လဲ၊ အမျိုးမျိုးရွက်ဆောင်တယ်. . (မှန်လှပါ)။

## ရှင်သာရိပုတ္တာရောရေးတာ

မဖြေရပေဘူးလား. . . (ဖြေရပါတယ်)။ ကောင်းပြီဒါဖြင့် ဒီဉာဏ်တစ်ခုတည်းက အမျိုးမျိုးရွက်ဆောင်တယ် (မှန်လှပါ)။ ဒီဉာဏ်တစ်ခုကကော . . . (အမျိုးမျိုးရွက်ဆောင်ပါတယ်) ဒီဉာဏ်တစ်ခုကကော . . . (အမျိုးမျိုးရွတ်ဆောင်ပါတယ်)။ အဲ-သူအမျိုးမျိုးရွတ်ဆောင်တာရှိတော့ကိုငါဘုရားသခင်ကိုယ်တော်မြတ်ကြီး ဉာဏ်တော်နဲ့ ကြည့်လိုက်

www.dhammadownload.com



တော့ ဒီသုံးခုဆို ပြီးတာပါပဲကွာ. . . (မှန်ပါ)။ ရှင်းပြီလား (ရှင်းပါဘုရား)။

ဒါဖြင့် ယထာဘူတဉာဏ်, နိဗ္ဗိန္ဒဉာဏ်, မဂ်ဉာဏ်, ဒီသုံးဉာဏ်သာရှိတယ်, ဟုတ်လား, အဲ့နောက်ရေးတဲ့အခါ နောက်သည်ဆယ့်ခြောက်ပါးလို့ရေးတာက ရှင်သာရိပုတ္တရာ ရေးတာ ရှင်သာရိပုတ္တရာရေးတာ, ပဋိသမ္ဘိဒါမဂ်ဆိုတာ ကလာတယ်. . . (မှန်ပါ)။ ရိပ်မိပြီလား. . . (ရိပ်မိပါဘုရား)။ ဝိသုဒ္ဓိမဂ်ဆိုတာကတော့ ဒါနောက်လူတွေရေးတာ အဲ့ဒီတော့ ဒီထဲမှာလေး ဉာဏ်ပါသွားတယ်, ယထာဘူတဉာဏ် ဒီမှာ ခြောက်ဉာဏ်ပါ သွားတယ်၊ . . . (မှန်ပါ)။ ဒီထဲမှာ ငါးဉာဏ် ပါသွားတယ်၊ . . . (မှန်လှပါ)။ မစုံသေးဘူးလား၊ . . . (စုံပါတယ်ဘုရား)။

## ဒီအတိုင်းသာလုပ်စမ်းပါ

အဲ့ဒီတော့ ဒကာ- ဒကာမတို့ ခင်ဗျားတို့ကျတော့ ဆရာဘုန်းကြီးအရင်းအချာတွေဖြစ်နေတော့ ဒီတိုင်းသာလုပ် စမ်းပါ၊ . . . (မှန်လှပါဘုရား)။ ပထမ အဖျက်ကိုသာမြင် အောင်ကြည့်၊ဒုတိယအဖျက်မုန်းအောင်သာကြည့် (မှန်လှပါ) တတိယအဖျက်မဆုံးသေး ဆုံးအောင်သာကြည့်၊ . . . (မှန်ပါ)။ပြီးရောခင်ဗျားတို့ . . . (မှန်လှပါ)။ အပျက်ဆုံးရင်

www.dhammadownload.com



ဘာတွေ့မယ်ထင်တုန်း။ (နိဗ္ဗာန်တွေ့မှာပါ)။ နိဗ္ဗာန်တွေ့မယ်၊ . . . (မှန်လှပါ)။

ဒါဆုတောင်းနေရသလား၊ အပျက်ဆုံးအောင်လိုက်ရင်တွေ့တာဘဲလား။ (အပျက်ဆုံးအောင်လိုက်ရင်တွေ့တာပါ) တံတားအတက်ကြည့်လိုက်ဗျာ၊ ဒီဟာတံတားဦးဆိုရင် ဒါတံတားအဆုံးဘဲဗျ။ . . . (မှန်ပါ)။ မဟုတ်ဘူးလား၊ . . . (မှန်ပါ)။ ဒါ့ကြောင့်သူက နိဗ္ဗာန်ခရီး. . . (မှန်ပါ)၊ ဒါက တံတားအလယ် . . . (မှန်ပါ)၊ ဒါက နိဗ္ဗာန်အဆုံး၊ ဒါကနိဗ္ဗာန်အဆုံး ဒါကရှင်းပြီလား၊ . . . (မှန်ပါ)။

ကဲ-ဒါဖြင့် ဒကာဒကာမတို့ ဒီတိုင်း အလုပ်လုပ်တတ်ပြီလား ဉာဏ်ဘယ်နှစ်ခုနဲ့ လုပ်ကြမလဲ . . . (သုံးခုနဲ့ လုပ်ရပါမယ်) သုံးခုနဲ့လုပ်၊ ဟိုဟာတွေဆုတောင်းမနေနဲ့ သူ့ဟာသူဝင်လာလိမ့်မယ် . . . (မှန်လှပါ) ကိုယ့်ဟာကိုယ် စဉ်းစားအပျက်ကလေးတွေ မြင်ပါလား၊ မြင်ပါလားလို့သာကြည့်နေကြ ကြည့်နေရင် ဒီဉာဏ်ရလာမယ် . . . (မှန်လှပါ) ဒီဉာဏ်ရလာရင် ဒီဉာဏ်လာတော့မယ် . . . (မှန်လှပါ) ဒီဉာဏ်ရလာလို့ရှိရင်လည်း ဒီဉာဏ်လာမယ် . . . (မှန်ပါ)။

ဒါ့ကြောင့် တရားပွဲအဆုံးမှာ တရားစလိုက်တုန်းက ဒီဉာဏ်ရတယ် တရားအလယ်လောက်ကျရင် ဒီဉာဏ်ရကုန်တယ် . . . (မှန်လှပါ) တရားအဆုံး ဒီဉာဏ်ရတယ် . . .

www.dhammadownload.com



(မှန်လှပါ) ဒါ့ကြောင့် တရားပွဲပြီးကိစ္စပြီးကုန်တယ် (မှန်လှပါဘုရား) ကဲ မမြန်ဘူးလား . . . (မြန်ပါတယ်ဘုရား) ဒီလိုဆယ့်ခြောက်ခုဆိုမခက်ဘူးလားဗျာ . . . (ခက်ပါဘုရား) ဒီဉစ္စာလည်း စာမို့လို့ ဆယ့်ခြောက်ခုလို့ရေးရတာပါ ဦးစံရီရာ, သူ့အကြောင်းအရာပေါ်တာနဲ့ ဆိုလိုက်တော့လည်း ဒါဘဲပြန်ပြနေတယ် (မှန်လှပါ) မဟုတ်ဘူးလား . . . (မှန်ပါ့) ဒါဘဲပြန်ပြတယ်ဆိုတာ သဘောကျကြလား . . . (သဘောကျပါဘုရား)။

## ပထမဘာကြည့်ရမှာလဲ

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတို့ အလုပ်စဉ်ရပြီလား . . . (ရပါပြီဘုရား) ပထမဘာကြည့်ရမလဲ, ဖြစ်ပျက်မြင်အောင် ကြည့်ရမယ် . . . (ဖြစ်ပျက်ကြည့်ရပါမယ်ဘုရား) ဒုတိယဘာကိုကြည့်ရမလဲ၊ . . . (ဖြစ်ပျက်မုန်းအောင်ကြည့်ရပါမယ်) တတိယ ဘယ်လိုကြည့်ရ . . . (ဖြစ်ပျက်ဆုံးအောင် ကြည့်ရပါမယ်) အဲ့ဒါမှတ်ထား ဒါမှတ်ထား ဦးသိန်းရွှေမှတ်မိလား . . . (မှန်ပါ့)။

ဒါဘဲ. . ပထမဘာကြည့်ကြမလဲ . . . (ဖြစ်ပျက်မြင်အောင် ကြည့်ကြရပါမယ်) ဒုတိယဘာတုန်း . . . (ဖြစ်ပျက်မုန်းအောင်ကြည့်ရပါမယ်) တတိယဘာတုန်း

www.dhammadownload.com



(ဖြစ်ပျက်ဆုံး အောင်ကြည့်ရပါမယ်)။ ဖြစ်ပျက်ဆုံးအောင် ကြည့်ဆိုတဲ့ ဥစ္စာ အခြားမဟုတ်ဘူး ဒီဖြစ်ပျက်ကြီးကို ရှုမှန်းပြီး မလိုချင်အောင် ကြည့်လိုက်တဲ့အခါ, မလိုချင်ပျောက်သွားတာ ကို အဲ့ဒါဆုံးတာဘဲ . . . (မှန်လှပါဘုရား)။ ဆုံးလို့ရှိရင် ဖြစ်ပျက်လဲဆုံးရော ဖြစ်ပျက်မရှိတာချည်း ပေါ်လာတယ် . . . (မှန်လှပါ) ရှင်းပြီလား . . . (ရှင်းပါဘုရား)။

ဒါဖြင့် နိဗ္ဗာန်ပေါ်လာတယ်ဆိုတာ သဘောကျလား . . . (ကျပါဘုရား)။ ကဲ-ဦးဘဦး၊ မလုပ်တတ်စရာရှိသေး လား . . . (မရှိပါဘုရား)။ ဒီတစ်ကြိုးတည်းလိုက် ဗျာမများနဲ့ ဗျာများမနေနဲ့ ဦးဘဦး၊ ခန္ဓာကိုယ်ထဲမှာ ဝေဒနာကို တစ်ကြိုး တည်း လိုက်ချင်လိုက်, စိတ်တစ်ကြိုးတည်း လိုက်ချင်လိုက်, ရုပ်ဖြင့်ရုပ်တစ်ကြိုးတည်းလိုက်ချင်လိုက် . . . (မှန်လှပါ)၊ နောက်ဆုံးပိတ်တော့ ဘာရှုရှု ဒါလဲအပျက်ပဲ. . . (မှန်လှပါ)။

ရုပ်ရှုတဲ့ပုဂ္ဂိုလ်ကလဲ အပျက်မြင်အောင်ရှုတာပဲ. . . (မှန်လှပါ)၊ စိတ်ရှုတဲ့ပုဂ္ဂိုလ်ကရော. . . (အပျက်မြင်အောင် ရှုတာပဲ)။ ဘာရှုရှု . . . (ဘာမှမထူးပါဘုရား)၊ ဘာထူးသေး လဲ. . . (မထူးပါဘုရား) သဘောကျပလား (ကျပါဘုရား)။

ကိုယ့်ဉာဏ်ကတော့ဖြင့် တပည့်တော်တို့ ရုပ်မှာသာ အပျက်မြင်တယ်ဆိုရင် ရုပ်ရှု. . . (မှန်လှပါဘုရား)၊ ဟုတ် ဘူးလား . . . (မှန်လှပါ)၊ မရှုတတ်လို့ ဘယ်ရုပ်ဘယ်လိုရှု

www.dhammadownload.com



ရမတုံးဆိုတော့ ဘုန်းကြီးပြောမယ်ပေါ့လေ ဟုတ်ဘူးလား . . . (မှန်လှပါ)။ အဲ့ဒီတော့ အခုအချိန်မှာတော့ဖြင့် ဘာမှဗျာ မများနဲ့ ဦးဝင်းတို့ အရင်ပေါ်တဲ့စိတ်ကို နောက်ဉာဏ်ကသာရှု နေ့, ရှုနေတော့စိတ်ကလဲ တစ်ကိုယ်လုံးပေါ်နေတဲ့ စိတ်တွေကော မရှိဘူးလား . . . (ရှိပါဘုရား)။

သုခစိတ် တစ်ကိုယ်လုံးပေါ်တယ်. . . (မှန်လှပါဘုရား)။ ဒုက္ခစိတ်ဆိုရင်ကော . . . (တစ်ကိုယ်လုံးပေါ်ပါတယ်ဘုရား) အဲ့ဒါ သူပေါ်တဲ့နေရာကို လှည့်ရှု . . (မှန်လှပါ) လှည့်ရှုနေလို့ရှိရင်ဖြင့် ကြာတော့ ဒီရုပ်ကြီး ပျောက်ထွက်မယ် အပျက်ချည်းမြင်နေတယ်, ဒီရုပ်ကြီး ပျောက်ထွက်သွားတယ်၊ အပျက်ချည်းမြင်နေတယ်, အပျက်ချည်းမြင်နေတဲ့ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ဟာ စဉ်းစားလည်း ကြည့်ကြပါတော့ ဦးစံရီ-ရ အပျက်ချည်းမြင်နေတဲ့ တစ်ဦးတစ်ယောက်ဟာ သူ့ စိတ်ထဲမယ် သူ့ဉာဏ်ဟာ ဘယ်လိုပြောင်းလာလိမ့်မယ်လို့ ထင်သလဲ (မုန်းလာတယ်လို့ ပြောမှာပါဘုရား) ဒါသူ့ဟာသူတက်တာ. . . (မှန်လှပါ)။ ခင်ဗျားတို့က တက်ပါရစေဆိုလို့မရဘူး. . . (မှန်လှပါ)။ သဘောကျလား. . . (ကျပါဘုရား)

www.dhammadownload.com



## မဂ်နဲ့လျော်တဲ့ပုဂ္ဂိုလ်

အဲ့ဒီတော့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဟောတယ်, နိဗ္ဗိန္ဒ ဇဋိလသုတ်ဆိုပြီး မနေ့ကပဲ ကျောင်းမှာဟောတယ်၊ "ယော ဘိက္ခဝေ ယံဘိက္ခဝေ ရူပံ နိဗ္ဗိန္ဒန္တော" အကြင်ပုဂ္ဂိုလ်သည်တဲ့ ရုပ်ရှုရင် ရုပ်ငြီးငွေ့လာလိမ့်မယ်၊ ရုပ်ငြီးငွေ့လာလိမ့်မယ်" ရုပ်ကိုငြီးငွေ့တာများအောင်ရှုလိမ့်မယ်၊ အဲ့ဒီငြီးငွေ့တာများအောင်ရှုတဲ့ပုဂ္ဂိုလ်ဟာ ဘယ်လိုပုဂ္ဂိုလ်လို့ ခေါ်မတုံးလို့ မေးလို့ရှိရင် ငါဘုရားဟောမယ်၊ လောကုတ္တရာနဲ့လျော်အောင်ကျင့်နေတဲ့ပုဂ္ဂိုလ်လို့ ငါဘုရားအမိန့်ပေးလိုက်တယ်တဲ့ (မှန်လှပါဘုရား)။ မဂ်နဲ့လျော်အောင် ကျင့်တယ် (မှန်လှပါ) ငြီးငွေ့အောင်ရှုတဲ့ပုဂ္ဂိုလ်ဟာ မဂ်နဲ့လျော်ပြီကွတဲ့, သဘောကျကြလား. . . (ကျပါဘုရား)။

ငြီးငွေ့အောင်ရှုတဲ့ပုဂ္ဂိုလ် ဘာဆိုကြမယ်. . . မဂ်နဲ့လျော်တဲ့ပုဂ္ဂိုလ်ပါဘုရား၊ မဂ်ရလို့ လျော်နေပြီ. . . (မှန်လှပါဘုရား)၊ သဘောကျလား (ကျပါဘုရား)။ ငြီးငွေ့အောင်ရှုတဲ့ပုဂ္ဂိုလ်သည် ဘာနဲ့လျော်သတုံး . . , (မဂ်နဲ့လျော်ပါတယ်ဘုရား)။ ရှင်းပြီနော် . . . (မှန်လှပါ)။ ငြီးငွေ့အောင်ရှုတဲ့ပုဂ္ဂိုလ်ဟာ ဘယ်ဟာနဲ့အလျော်ဖြစ်မတုန်း. . . (မဂ်နဲ့အလျော်ဖြစ်ပါတယ်ဘုရား)။

ကောင်းပြီ ဒါ ရတဲ့ပါဠိနဲ့ ကိုက်ပါလိမ့်မယ်. . . (မှန်

www.dhammadownload.com



လှုပါ)။ ဟောဒါက ဓမ္မာနုဓမ္မပဋိပတ္တိဆိုတာ နှစ်ခုရှိတယ်နော် (မှန်လှပါ)။ ဟောဒါက ဓမ္မ, လောကုတ္တရာတရားကိုးပါး. . . (မှန်လှပါဘုရား)။ ဟောဒါက ဓမ္မာနုဓမ္မပဋိပတ္တိ. . . (မှန်လှပါ)။ ဒီရဖို့လျော်အောင် ကျင့်တဲ့အကျင့် (မှန်လှပါ)။ ဟောဒါက ဓမ္မနော် . . . (မှန်လှပါ)၊ ဒါက ဓမ္မနဲ့ လျော်အောင်ကျင့်တဲ့အကျင့်, သူက ဓမ္မာနုဓမ္မပဋိပတ္တိ . . . သူက ဓမ္မ, သူကအနုပဋိပတ္တိ သဘောကျလား (ကျပါဘုရား)။

သူက အနုပဋိပတ္တိဆိုတော့ သူနဲ့လျော်အောင် ကျင့်လိုက်လို့ရှိရင် သူ့ကိုရောက်အောင် ဒီနိဗ္ဗိန္ဒဉာဏ် များများ ကျင့်လိုက်ရင် သူ့ကို ဆုမတောင်းနဲ့ (မှန်လှပါ)။ သူ့ဆီရောက်သွားမယ် . . . (မှန်လှပါ) ဘာဖြစ်လို့တုန်းတဲ့ သူ့ရောက်လို့ သူကလျော်နေတာကွတဲ့ . . . (မှန်ပါ)။ ဒါဖြင့် သူက အနု, ဓမ္မာနုဓမ္မပဋိပတ္တိမှာ သူကဓမ္မ, သူက ဓမ္မအနုပဋိပတ္တိ. . . (မှန်လှပါဘုရား)။

ဒါကြောင့် ဣမာယဓမ္မာနုဓမ္မပဋိပတ္တိ, ဣမာယ ဓမ္မာနုဆိုတော့ ဒီက ဓမ္မနော် (မှန်လှပါ) သူကဓမ္မပဋိပတ္တိ. . . (မှန်လှပါ)။ တရားနဲ့လျော်တယ်, ဟောဒီ မဂ်တရားရဖို့ လျော်တယ်, ဒါဖြင့်သူက မဂ်တရားရဖို့ လျော်တဲ့နိဗ္ဗိန္ဒဉာဏ်, ဒါဖြင့် ဒီနိဗ္ဗိန္ဒဉာဏ်ကို လျော်တဲ့ဉာဏ်ကိုရနေတဲ့ပုဂ္ဂိုလ်ဟာ ဒီရောက်မလား, မရောက်ဘူးလားသာတွေး. . . (ရောက်

www.dhammadownload.com



ပါတယ်ဘုရား)။ သူနဲ့ပဲလျော်အောင်လို့ ဖြစ်ပျက်ငြီးငွေ့အောင် ကြည့်တာ. . . (မှန်လှပါ)။ ငြီးငွေ့ရင်းမတ်တတ်နဲ့ပဲ မလိုချင်ဆိုတဲ့ဥစ္စာ တက်လာတယ်. . . (မှန်လှပါ)။ ဒါဖြင့် သူကဓမ္မ, သူကဓမ္မအနုပဋိပတ္တိ။

ခင်ဗျားတို့ ဘုရားရှိခိုးတဲ့အခါ ဓမ္မာနုဓမ္မပဋိပတ္တိဆိုတာ သူနဲ့သူကိုဆိုတယ်. . . (မှန်လှပါ)။ ခင်ဗျားတို့က ဘုရားရှိခိုးနေလို့ခက်နေတာ. . . (မှန်လှပါဘုရား) ရိပ်မိပလား. . . (ရိပ်မိပါဘုရား)။ ခင်ဗျားတို့က ဘုရားရှိခိုးနေလို့ခက်နေတာ၊ ဓမ္မဆိုတာ ကလေးကို ဘုရားက လောကုတ္တရာတရားကိုဆိုတာ. . . (မှန်လှပါ)။ ဓမ္မအနု ပဋိပတ္တိဆိုတာက နိဗ္ဗိန္ဒဉာဏ်ကိုဆိုတာကွတဲ့. . . (မှန်လှပါ ဘုရား)။ သူကမှ ဒီလျော်ဒီရောက်အောင် လျော်နိုင်တယ်တဲ့၊ ဒီပြင်ဟာက ဘာမှမလျော်ဘူးတဲ့ . . . (မှန်လှပါ)။ နိဗ္ဗိန္ဒဉာဏ်ကမှ ဒီကို ရောက်ဖို့ လျော်တဲ့နည်းနဲ့ပို့တယ်. . . (မှန်လှပါဘုရား)။ ရှင်းပြီလား . . . (ရှင်းပါဘုရား)။

သူက ဓမ္မ, သူက ဓမ္မနဲ့လျော်တာ. . . (မှန်လှပါ)။ ရှင်းပြီလား (ရှင်းပါဘုရား)။ သူက ဓမ္မနော်, သူကဘာတုန်း (ဓမ္မာနုပဋိပတ္တိပါဘုရား)။ ဒါဖြင့် ဓမ္မ, ဓမ္မာနုပဋိပတ္တိ. . . (မှန်လှပါ)။ ရှင်းသေးဘူးလား, အဲ့ဒါခင်ဗျားတို့က ဗုဒ္ဓပူဇေမိလုပ်နေလို့ ခက်နေတာ, ဗုဒ္ဓပူဇေမိလုပ်ရမှာ မဟုတ်ဘူး, ဒီကို

www.dhammadownload.com



ရောက်အောင်လို့ ဒါကိုကျင့်ပေးလို့ပြောတာ. . . (မှန်လှပါ) ရိပ်မိပြီလား. . . (ရိပ်မိပါဘုရား)။ နိဗ္ဗိန္ဒဉာဏ်ကျင့်လို့ရှိရင် မင်းတို့ဒီရောက်မယ်. . . (မှန်လှပါဘုရား)။ ရှင်းပြီလား. . . (ရှင်းပါဘုရား)။

ရွတ်တတ်တာနဲ့ရွတ်နေရစ်တာပေါ့. . . (မှန်ပါ)။ ရွတ်တော့လည်း မမေ့တာပေါ့လေ ရိပ်မိကြပြီလား (ရိပ်မိပါဘုရား)။ ကဲ-ရှင်းပြီလား. . . (ရှင်းပါဘုရား) (ရယ်ကြသည်)

## ကျင့်ရမည့်ဥစ္စာရှိခိုးနေတယ်

ဓမ္မကာဒါနော်. . . (မှန်လှပါဘုရား)။ ဓမ္မအနုပဋိပတ္တိ က နိဗ္ဗိန္ဒဉာဏ် (နိဗ္ဗိန္ဒဉာဏ်ပါဘုရား)။ အေး ဓမ္မအနုပဋိပတ္တိ အကျင့်တွေကအများကြီးရှိတယ်. . . (မှန်ပါ)။ ဒီနိဗ္ဗိန္ဒဉာဏ် ကိုဆိုတာ. . . (မှန်လှပါ)။ ဒါ နိဗ္ဗိန္ဒဉာဏ်ကိုဆိုတာပါတဲ့ ဓမ္မအနုပဋိပတ္တိဆိုတာ နိဗ္ဗိန္ဒဉာဏ်ဆိုတာ. . . (မှန်လှပါ)။ ဓမ္မကလောကုတ္တရာတရား အဲ့ဒါစာဆိုထဲက ခင်ဗျားတို့က ပါသွားတာ, လောကုတ္တရာတရားအားလျော်သော အကျင့် မြတ်ဖြင့် ရှိခိုးပါ၏ဆိုတော့ ဝှကျသွားတယ်၊ အကျင့်ဘာမှ မပါဘူး၊ ရှိခိုးပါ၏ပြီးတော့ ဆိုမိတိုင်းပျောက်သွားတယ်. . . (မှန်ပါ)။ ကျင့်ရမည့်ဥစ္စာ ရှိခိုးဖြစ်သွားတယ် ကိုယ့်ဟာကိုယ်

www.dhammadownload.com



အထဲမှာ ဘာဆိုလို့ ဘာမှန်းကို မသိလိုက်ဘူး (မှန်လှပါဘုရား)။ ဟုတ်ပြီလား ဦးဝင်း . . . (မှန်ပါ)။

လောကုတ္တရာတရားကိုးပါး ဦးသန့်-ဦးစံရီ . . . (မှန်ပါ)။ ဟုတ်လား. . . (မှန်ပါ)။ လျှော်သောအကျင့်တို့ဖြင့် . . . (မှန်ပါ) ကျင့်ပါ၏ဆိုရင်လည်းကိုက်တယ်. . . (မှန်ပါ)။ ရှိခိုးပါ၏ဆိုတော့ ဂွကျသွားရော. . . (မှန်ပါ အကျင့်မှားနေတယ်) ဟင် ရှိခိုးပါ၏ဆိုတော့ လုပ်ထားတာက အများကြီးကောင်းတာလုပ်ထားတယ်၊ တော်ကြာ ဗုဒ္ဓါနုဿတိဘက် လှည့်သွားတယ်၊ နိဗ္ဗာန်ရမယ့်ဥစ္စာ ဗုဒ္ဓါနုဿတိဘက်လှည့်သွားတယ်. . . (မှန်ပါ)။ ဘယ်လောက်များ ကြောက်စရာကောင်းတယ်ဆိုတာ အခုထက်ထိ မသိဘူး (မသိပါဘုရား) ခင်ဗျားတို့ ဒါကြောင့် မနေ့ကလဲ ပြောလိုက်ရတယ်၊ ခင်ဗျားတို့ တောင်ရိုးတစ်ရိုးလုံးဟာ ကမ္မာယမ္မာနုမ္မပဋိပတ္တိတွေက ဗုဒ္ဓ ပူဇေမိချည်းများတယ်လို့. . . (မှန်လှပါ)။

ဗုဒ္ဓံပူဇေမိချည်းလုပ်နေတယ်. . . (မှန်လှပါ) ဒီက ဗုဒ္ဓံပူဇေမိမှမဟုတ်ပဲဘဲ. . . (မှန်ပါ)၊ ဒီက နိဗ္ဗိန္ဒဉာဏ် မဟုတ်ဘူးလား၊ ဒါကိုငြီးငွေ့တယ်, ငြီးငွေ့တော့ ဒီမဂ္ဂကို မလျှော်ဘူးလား. . . (လျှော်ပါတယ်ဘုရား)၊ အဲဒီတော့ ဒီငြီးငွေ့တာ

www.dhammadownload.com



များလို့ရှိရင် ဒီရောက်မယ်၊ ဒါကိုပြောတာ. . . (မှန်လှပါဘုရား)။ ပူဇော်ရမယ်ပြောတာမဟုတ်ဘူး၊ ငြီးငွေ့တာများအောင်လုပ် လုပ်လို့ရှိရင် မင်းတို့မဂ်ဉာဏ်ရမယ်၊. . . (မှန်လှပါ)။ ဒါမှ လောကုတ္တရာတရားလျှော်တော့မယ်ပေါ့ဗျ. . . (မှန်ပါ)။ လောကုတ္တရာတရားရမှုနဲ့ မလျှော်ဘူးလား. . . (လျှော်ပါတယ်ဘုရား)။

ဒါဖြင့် နိဗ္ဗိန္ဒဉာဏ်သည် ဘယ်ကို ဘယ်သူနဲ့ သင့်လျှော်သတုန်း၊ သူဘယ်လိုကျေးဇူးပြုသတုံးဆိုရင် ရိပ်မိကြပြီလား. . . (ရိပ်မိပါဘုရား)။ ဘယ်ကျေးဇူးပြုတုံး. . . (မဂ်ဉာဏ်ကျေးဇူးပြုပါတယ်ဘုရား) အေး မဂ်ဉာဏ်ကျေးဇူးပြုတယ်. . . (မှန်ပါ)။

ကောင်းပြီ ဒါဖြင့် မဂ်ဉာဏ်က လောကုတ္တရာကျေးဇူးပြုတာက လျှော်တဲ့တရား လျှော်တာက နိဗ္ဗိန္ဒဉာဏ်. . . (မှန်လှပါ) အဲဒါသာ လျှော်လို့ရှိရင် ဟောဒါကို ဟောဒီမဂ်ဉာဏ်ပေါ်ရမယ်တဲ့၊ ဘာဖြစ်လို့ ဒီမဂ်ဉာဏ်ပေါ်ရမတုံးဆိုရင် ဒုက္ခပိုင်းခြားလိမ့်မယ်ကွ။ ပဟာနပရိညာနဲ့ ပိုင်းခြားပစ်လိမ့်မယ်၊ ဒီဉာဏ်ပေါ်လာလိမ့်မယ်၊ ပိုင်းခြားတဲ့ဉာဏ်ကို ပေါ်လာမယ်တဲ့. . . (မှန်လှပါ) ပေါ်လာလို့ရှိရင် ဒုက္ခပိုင်းခြားတယ်ဆိုကတည်းက သမုဒယမပယ်သေးဘူးလား. . .

www.dhammadownload.com



(ပယ်ပါတယ်ဘုရား) အေး-နိရောဓလည်းမျက်မှောက်မပြု ပေဘူးလား. . . (ပြုပါတယ်ဘုရား)။ ရှင်းပြီလား. . . (ရှင်း ပါဘုရား)။

## လျော်တဲ့အကျင့် ကျင့်သာနေပါ

ဒါဖြင့် မဂ္ဂာနုဓမ္မပဋိပတ္တိ ကွဲပြီလား ဦးစံရီ . . . (မှန်ပါ ကွဲပါတယ်ဘုရား) မဂ္ဂာနုဓမ္မကဘာတုန်း . . . (မဂ္ဂာနု ပဋိပတ္တိဉာဏ်)၊ ဓမ္မအနုပဋိပတ္တိက . . . (နိဗ္ဗိန္ဒဉာဏ်ပါ ဘုရား)။ နိဗ္ဗိန္ဒဉာဏ်. . . (မှန်ပါ) ဒီပြင်အကျင့်ကိုမယူနဲ့ နိဗ္ဗိန္ဒ အကျင့် အဲဒါ သံယုတ်ပါဠိတော်မှာ အသေအချာလာတယ်၊ ဗုဒ္ဓံပူဇေမိမလာဘူးနော်. . . (မှန်လှပါဘုရား)။ ဓမ္မံပူဇေမိ ကော . . . (မလာပါဘုရား)၊ လက်အုပ်ချီတာ မလာဘူး၊ သံဃံပူဇေမိကော. . . (မလာပါဘုရား) မလာဘူး, ဒါလျော် တဲ့အကျင့် ကျင့် ဟုတ်လား. . . (မှန်လှပါ) လျော်တဲ့အကျင့် ဖြင့် ရှိခိုးပါ၏မလုပ်နဲ့၊ လျော်တဲ့အကျင့်ချည်း ကျင့်သာနေ ပါ. . . (မှန်ပါ) ကျင့်ရင် ဒီလျော်သွားလိမ့်မယ်. . . (မှန်လှပါ) သူရသွားလိမ့်မယ် . . . (မှန်ပါ) ရိပ်မိပြီလား . . . (ရိပ်မိပါဘုရား)။

www.dhammadownload.com



ခင်ဗျားတို့ မေတ္တာသုတ် ရွတ်သလိုနဲ့ အတူတူဖြစ်နေတာ မေတ္တာသုတ်က ကရဏီယံ ပြုကျင့်အပ်၏ဆိုတယ် (မှန်ပါ)။ ပြုရမယ်, ကျင့်ရမယ်, (မှန်ပါ)။ ခင်ဗျားတို့က အန္တရာယ်ကင်းရွတ်တာ အတော်ခက်နေတယ်, ရိပ်မိပြီလား (ရိပ်မိပါဘုရား)။

ကဲ-ဒါဖြင့် ဒီနေ့ ဒီတွင် တော်ကြဦးစို့။
သာဓု . . . သာဓု . . . သာဓု။

www.dhammadownload.com

www.dhammadownload.com

www.dhammadownload.com